# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက် | ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၃၀၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

## နိုင်ငံသားဖြစ်ခွင့်ရှိသူများအားလုံးရရှိအောင် ဆောင်ရွက်ပေးရန်အတွက် မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရန် လိုသကဲ့သို့ နိုင်ငံသားမဟုတ်သူများကို နိုင်ငံသားစိစစ်ရေးကတ်များ မထုတ်ပေးမိစေရေး တာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၈

ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖


**ယနေ့** *ဖတ် စ ရာ*

**ရခိုင်ပြည်နယ်၌ ရေချိုငါးမြစ်ချင်း ဧက ၁၀၀၀ မွေးမြူ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကတင်ပို့ရန် ဆောင်ရွက်နေ** — ပြည်တွင်းသတင်း စာ -၆

**သံသရာခရီးသွား အမှားမလုပ်မိစေနှင့်** — ဆောင်းပါး စာ -၁၀

**တရုတ်နိုင်ငံအနှံ့အပြားတွင် အပူလှိုင်းဖြစ်မှုရှိနေသေးသည့်အတွက် လိမ္မော်ရောင်အဆင့် သတိပေးချက် ဆက်လက်ထုတ်ပြန်** — နိုင်ငံတကာသတင်း စာ -၁၃

**ကျေးလက်ဒေသ လူမှုစီးပွားရေးဘဝမြင့်မားရေး ဝိုင်းကူဆောင်ရွက်ပေး** — ဆောင်းပါး စာ -၂၀

## စပါးတစ်ကေချင်း အထွက်တိုးရေး နိုင်ငံနှင့်တောင်သူတို့ အကျိုးပေးမည်

မြန်မာနိုင်ငံသားတို့၏ ဆန်နှင့် ဆီစားသုံးမှုမှာ မြင့်မားလှသည်။ တစ်ဦးချင်းဆန်စားသုံးမှုအရ ကမ္ဘာပေါ်တွင် အမြင့်မားဆုံးဟု ပင်ဆိုသည်။ မြန်မာလူမျိုးတစ်ဦး တစ်နှစ်လျှင် ဆန်စားသုံးမှု ပျမ်းမျှ ၁၅၅ ကီလိုဂရမ်ရှိသည်ဟူသော စစ်တမ်းရှိသကဲ့သို့ မြန်မာလူမျိုးတစ်ဦး တစ်နှစ်လျှင် ဆန်စားသုံးမှု ပျမ်းမျှ ၁၉၀ ကီလိုဂရမ်မှ ၂၁၀ ကီလိုဂရမ်အထိ ရှိသည်ဟူသော ခန့်မှန်းချက်ကိုလည်း တွေ့ရသည်။ မည်သို့ပင်ဆိုစေ စစ်တမ်းတို့၏ ကောက်ယူတွေ့ရှိချက်အရ မြန်မာတို့ဆန်စားနှုန်း မြင့်မားသည်ဟူ၍ပင် ဖြစ်သည်။

မြန်မာနိုင်ငံသည် ဆန်စပါးအဓိက စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံလည်းဖြစ်သည်။ မိုးစပါး၊ နွေစပါးဟူ၍ တစ်နှစ်လျှင် နှစ်သီး စိုက်ပျိုးထုတ်လုပ်ရာ၌ နွေစပါးစိုက်ကေက မိုးစပါး စိုက်ကေ၏ ၂၀ ရာခိုင်နှုန်းခန့်သာရှိသည်။ ဆန်စပါးသည် နိုင်ငံ၏အဓိကစားနပ်ရိက္ခာဖြစ်သကဲ့သို့ ပြည်ပပို့ကုန်အဖြစ်ဖြင့် ဝင်ငွေရှာနေရသော သီးနှံလည်းဖြစ်သည်။ ဆန်စားသုံးမှု စစ်တမ်းတစ်ရပ်တွင် မြန်မာနိုင်ငံက တစ်နှစ်လျှင် ဆန် တန်ချိန် ၁၄ သန်းခန့် ထုတ်လုပ်နိုင်ပြီး ၁၂ သန်းခန့်ကို စားသုံးလိုက်သည်ဟုဆိုထားရာ ပြည်ပတင်ပို့မှုများကိုပါ ထည့်သွင်းတွက်ချက်ပါက အရေးပေါ်စားနပ်ရိက္ခာအတွက် ပိုပိုလျှံလျှံ အရန်ထားရှိနိုင်မှု နည်းပါးမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် ဆန်ကို ပြည်ပဈေးကွက်တွင် ဝယ်လိုအားကောင်းလျက်ရှိရာ အခွင့်သာခိုက် လှိုလစိုက်နိုင်လျှင် နိုင်ငံအကျိုး၊ ကိုယ့်အကျိုး ဝင်ငွေတိုးကြမည်ဖြစ်သည်။

“စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ မိုးစပါး စိုက်ကေ ၁၅ သန်းနှင့် နွေစပါးစိုက်ကေ ၃ သန်းခန့်ရှိကြောင်း၊ စိုက်ကေ ၁၇ သန်းကျော်ရှိသော်လည်း နွေစပါး၊ မိုးစပါး စိုက်ပျိုးထုတ်လုပ်မှုသည် ရည်မှန်းချက်မပြည့်မီသေးကြောင်း၊ စိုက်ကေ၊ ပြည်ပပို့သည့်ဆန်နှင့် လက်ကျန်ရှိသည့် ဆန်ကို ရာသီအလိုက် ချိန်ဆရာတွင် အလျှံပယ်ပိုခြင်းမရှိသည်ကို တွေ့ရကြောင်း၊ သတိထားရမည့် အခြေအနေမျိုးရှိကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ပြီး လက်ရှိ ခန့်မှန်းထားသော တစ်ကေပျမ်းမျှ အထွက်နှုန်းထက် တစ်ကေလျှင်ငါးတင်း ပိုမိုထွက်ရှိလာအောင် ကြိုးပမ်းဆောင်ရွက်ခြင်းအားဖြင့် နွေစပါး၊ မိုးစပါး စုစုပေါင်း စပါးတင်းသန်း ၉၀ ခန့်ထွက်ရှိလာရေး အသေအချာ၊ အလေးထားဆောင်ရွက်ပေးရန် အစိုးရဘက်က သွင်းအားစုများဖြစ်သည့် မြေဩဇာ၊ ပိုးသတ်ဆေး၊ စိုက်ပျိုးရေများရရှိရေး မဖြစ်မနေ ဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားသွားသည်။

စပါးအထွက်တိုးရေး ဆောင်ရန်၊ ရှောင်ရန် ဆောင်ရွက်ရမည့် အချက်များ၊ လိုအပ်ချက်များကို စပါးစိုက်တောင်သူအများစုက သိနားလည်ကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လျှော့ရသည်ဟုဆိုကြသည်။ ဖြစ်သည့်နည်းဖြင့် စိုက်ပျိုးပြီး ထွက်လာသလောက်ကိုသာ လက်ခံနေကြရခြင်း ဖြစ်သည်ဟုဆိုသည်။ စပါးအထွက်တိုးရေးအတွက် တောင်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့်နည်းတူ တောင်သူတို့၏ ဖွဲ၊ လုံ့လ၊ ဝီရိယတို့နှင့် ပေါင်းစပ်ပါက နိုင်ငံအတွက် စားနပ်ရိက္ခာဖူလုံစေမည့်အပြင် ပြည်ပဈေးကွက်သို့လည်း ပိုမိုတင်ပို့နိုင်ပြီး နိုင်ငံနှင့် တောင်သူတို့ အကျိုးစီးပွား ပိုမိုမြင့်မားနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## ရန်ကုန်အနောက်ပိုင်းခရိုင် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး (ခရိုင်အဆင့်) ပြိုင်ပွဲဖွင့်ပွဲကျင်းပ





ရန်ကုန် ဩဂုတ် ၈

**ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်) ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့် ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ကော်မတီဝင်များ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်များနှင့် မိသားစုဝင်များ၊ အနုပညာချစ်မြတ်နိုးသူ ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်) ပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးစီးကော်မတီဥက္ကဋ္ဌ ဦးဌေးအောင်၊ အဆို၊ အက၊ အရေး၊ အတီး အကဲဖြတ်ပညာရှင်များနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် လသာမြို့နယ်မှ ဦးမင်းဦး၏ အောင်ပါစေ သီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့်အတူ မရမ်းကုန်းမြို့နယ်မှ မောင်ဖြိုးဝေစိုး၊ မမျိုးသီရိခိုင်တို့က အကဖြင့်လည်းကောင်း၊ မရမ်းကုန်းမြို့နယ်မှ မောင်ချစ်ကိုကိုကျော်၊ မအေးသီရိခိုင်တို့က ရုပ်သေးအကဖြင့် ဖျော်ဖြေတင်ဆက်မှုကိုလည်းကောင်း၊ လသာမြို့နယ်မှ ဦးသန်းဇော်နှင့်အဖွဲ့၏ အိုးစည်အတီးဖြင့် ဖျော်ဖြေတင်ဆက်မှုတို့ကိုလည်းကောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် ပြိုင်ပွဲဝင်များက အဆို၊ အက၊ အရေး၊ အတီးကဏ္ဍအလိုက် MCC ခန်းမသတ်မှတ်နေရာအသီးသီး၌ ယှဉ်ပြိုင်ကြရာ ရန်ကုန်တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီး ကော်မတီဥက္ကဋ္ဌ ဦးဌေးအောင်နှင့် ဆပ်ကော်မတီဝင်များက ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ရန်ကုန် အနောက်ပိုင်းခရိုင် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်) ပြိုင်ပွဲကို ယနေ့မှ ဩဂုတ် ၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ အဆိုပြိုင်ပွဲတွင် ၂၄ ဦး၊ အကပြိုင်ပွဲတွင် ၁၁ ဦး၊ အရေးပြိုင်ပွဲတွင် တစ်ဦး၊ အတီးပြိုင်ပွဲတွင် ၅၅ ဦး စုစုပေါင်း ၉၁ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းဆတ်မြို့၌ လူမှုစီးပွားအထောက်အကူဖြစ်စေရန် ဒေသဝက်များ ထောက်ပံ့ပေးအပ်

**မိုင်းဆတ် ဩဂုတ် ၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့၌ မယ်ဆွမ်တောင်အုပ်စု ဝိန်းလိတ်ကျေးရွာတွင် ယနေ့နံနက်ပိုင်းက ဘိန်းအစားထိုး အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် ဒေသဝက်များ ထောက်ပံ့ပေးအပ်သည်။

အခမ်းအနားတွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာနိုင်ထွန်းဦးက ဒေသခံမိသားစုများ၏ လူမှုစီးပွားဘဝတိုးတက်စေရန်၊ မိသားစု အပိုဝင်ငွေရရှိစေရန်နှင့် မွေးမြူရေးလုပ်ငန်းများ ကျယ်ပြန့်စွာ လုပ်ဆောင်ကြစေရန်ရည်ရွယ်၍ ထောက်ပံ့ပေးအပ်ရခြင်း ဖြစ်ကြောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအားလွန်က ကျေးရွာနေ ပြည်သူများအနေဖြင့် ထောက်ပံ့ပေးအပ်သော ဝက်များကို ဂရုစိုက်မွေးမြူကြစေလိုကြောင်း၊ တိရစ္ဆာန်များတွင်ဖြစ်တတ်သော ရောဂါများဖြစ်ပွားပါက တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ သွားရောက်တိုင်ပင်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မယ်ဆွမ်တောင်အုပ်စု ဝိန်းလိတ်ကျေးရွာရှိ အိမ်ထောင်စု ၁၀ စုအတွက် တစ်အိမ်ထောင်လျှင် ဒေသဝက် တစ်ကောင်နှုန်းဖြင့် ဝက် ၁၀ ကောင် ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**မြင့်မောင်(ပြန်/ဆက်)**

**❖ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ မှန်ကန်သည့် ရွေးကောက်ပွဲတစ်ခုဖြစ်ခဲ့မည်ဆိုပါက ယခုကဲ့သို့သော အခြေအနေသို့ ရောက်ရှိခဲ့မည်မဟုတ်**

**❖ ရွေးကောက်ပွဲပြင်ဆင်ချိန်ကာလအတွင်း မိမိအနေဖြင့် နိုင်ငံရေးပါတီများ၏ မေတ္တာရပ်ခံချက်အရ ပါတီခေါင်းဆောင်များနှင့် တွေ့ဆုံမှုများရှိခဲ့**

**❖ ပါတီခေါင်းဆောင်များအနေဖြင့် ရွေးကောက်ပွဲကြိုတင်ပြင်ဆင်မှုတွင် အာဏာရပါတီမှ မမှန်မကန် ဆောင်ရွက်နေမှုများကို တင်ပြခဲ့**

*❖ ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ တက်ရောက်ကြသည်။

**ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံရေးအရ ဦးဆောင်ပြီး နိုင်ငံရေးအရ ချမှတ်ထားသည့် မူဝါဒများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၊ ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့များက အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့တာဝန် စတင်ယူချိန်မှစ၍ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

အဓိကအားဖြင့် မိမိတို့တာဝန်ယူခဲ့ရခြင်းမှာ ရွေးကောက်ပွဲရလဒ်အရ ဖြစ်ပေါ်လာသည့် နိုင်ငံရေးပြဿနာများ ဖြစ်ပေါ်လာခြင်းကြောင့် ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ မှန်ကန်သည့် ရွေးကောက်ပွဲတစ်ခု ဖြစ်ခဲ့မည်ဆိုပါက ယခုကဲ့သို့သော အခြေအနေသို့ ရောက်ရှိခဲ့မည်မဟုတ်ကြောင်း၊ ရွေးကောက်ပွဲပြင်ဆင်ချိန်ကာလအတွင်း မိမိအနေဖြင့် နိုင်ငံရေးပါတီများ၏ မေတ္တာရပ်ခံချက်အရ ပါတီခေါင်းဆောင်များနှင့် တွေ့ဆုံမှုများ ရှိခဲ့ကြောင်း၊ ပါတီခေါင်းဆောင်များအနေဖြင့် ရွေးကောက်ပွဲကြိုတင်ပြင်ဆင်မှုတွင် အာဏာရပါတီမှ မမှန်မကန်ဆောင်ရွက်နေမှုများကို တင်ပြခဲ့ကြောင်း။

**မဲစာရင်းများ လွဲမှားနေသည်ကို တွေ့ရှိရ**

ထိုသို့ဆောင်ရွက်နေမှုများအပေါ် မိမိအနေဖြင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်များကို တိုက်ရိုက်နှင့် သွယ်ဝိုက်၍ ပြောဆိုခဲ့မှုများရှိခဲ့ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေးနှင့် ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အဓိကကျသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ကို မကြာခဏ ပြောကြားခဲ့ကြောင်း၊ သို့သော် ရွေးကောက်ပွဲစည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ချိန်တွင် အခြားပါတီများအပေါ် ကန့်သတ်မှုများ ပိုမိုများပြားလာခဲ့ပြီး မဲဆန္ဒရှင်စာရင်းများထုတ်ပြန်ချိန်တွင်လည်း ကွဲလွဲမှုများ များပြားစွာဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် မဲဆန္ဒရှင်စာရင်းနှင့် ၂၀၁၅ ခုနှစ် မဲဆန္ဒရှင်စာရင်းတွင် မိမိတို့နိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းအရ မဲဆန္ဒရှင်စာရင်းများ ကွာဟချက်သည် လွန်စွာများပြားခဲ့ကြောင်း၊ မဲစာရင်းများ ပြန်လည်စိစစ်ချိန်တွင်လည်း မဲစာရင်းများ လွဲမှားနေသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများကို မဲစာရင်းများ ပြန်လည်ရှင်းလင်းပြီးမှ လွှတ်တော်ခေါ်ယူရန်အတွက် မိမိကိုယ်တိုင် မေတ္တာရပ်ခံခဲ့သည်များရှိသကဲ့သို့ သက်ဆိုင်ရာ တာဝန်ရှိသူများမှတစ်ဆင့်လည်း ပြောကြားခဲ့ကြောင်း၊ သို့သော် လွှတ်တော်ခေါ်ယူခဲ့ခြင်းကြောင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်း ဖြစ်ကြောင်း။

**အလေးထားကြပ်မတ်ဆောင်ရွက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် တာဝန်စတင်ယူချိန်မှစ၍ မဲစာရင်းပြန်လည်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး မဲမသမာမှုဖြစ်အောင် ပြုလုပ်ရာတွင်ပါဝင်ခဲ့သည့် တာဝန်ရှိသူများကို ထိုက်သင့်သည့် အရေးယူမှုများပြုလုပ်ခဲ့ကြောင်း၊ မှန်ကန်သည့် မဲစာရင်းများ ထွက်ပေါ်လာစေရေးအတွက်လည်း မဲစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးထားသူများ၊ အသက် ၁၈ နှစ်ပြည့်သော်လည်း နိုင်ငံသားအဖြစ် စိစစ်ခြင်းမပြုရသေးဘဲ မဲပေးသူများ၊ နှစ်ကြိမ်မဲပေးသူများနှင့် ကွယ်လွန်ပြီးသူများက ဆန္ဒမဲများ ပေးထားသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့ခြင်းမှာ စိစစ်မှုများမရှိခဲ့ခြင်းကြောင့် ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် လက်ရှိအခြေအနေတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများက လိုအပ်ချက်များကို ပြန်လည်စိစစ်ခဲ့ရာ အများစုမှာ ပြီးစီးပြီဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်မပြည့်ဘဲ မဲပေးခဲ့သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ရာ အချို့တည်ငြိမ်မှုမရှိသည့် ဒေသများမှလွဲ၍ ကျန်ရှိသည့် ဒေသများတွင် ရာနှုန်းပြည့်နီးပါး ပြီးစီးပြီဖြစ်ကြောင်း၊ အလားတူ နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသည့် နိုင်ငံသားများကိုလည်း နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးရာတွင် တိုင်းရင်းသားအားလုံး၊ နိုင်ငံသားဖြစ်ခွင့်ရှိသူများ အားလုံးရရှိအောင် ဆောင်ရွက်ပေးရန်အတွက် မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရန် လိုသကဲ့သို့ နိုင်ငံသားမဟုတ်သူများကို နိုင်ငံသားစိစစ်ရေးကတ်များ မထုတ်ပေးမိစေရေး တာဝန်ရှိသူများက အလေးထား ကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း။

မိမိတို့နိုင်ငံ၏ သန်းခေါင်စာရင်းတွင် မပြည့်စုံမှုများနှင့်လစ်ဟာမှုများရှိကြောင်း၊ ကောက်ခံထားသည့် စာရင်းအရ လူဦးရေ ၅၅ သန်းရှိသော်လည်း ပြည်ပသို့ရောက်ရှိနေသူ ၄ သန်းခန့်ရှိကြောင်း၊ ပြည်သူလူထု၏ လူမှုစီးပွားပကတိအခြေအနေကို သိရှိရန်လည်းလိုကြောင်း၊ ထို့ကြောင့် ယခင်အစိုးရလက်ထက်ကတည်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အစီအမံအား ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကောက်ယူပြီးစီးချိန်တွင် လူဦးရေစာရင်းအနေဖြင့် အနီးစပ်ဆုံးစာရင်း ရရှိမည်ဖြစ်ကြောင်း။

**အနည်းဆုံး ၄ ကြိမ် ထိုးနှံနိုင်**

ရှေ့လုပ်ငန်းစဉ်တွင် ဒုတိယအချက်သည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျဆင်းသွားသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် ကာကွယ်ဆေးထိုးနှံခြင်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံခြင်းများကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ရောဂါဖြစ်ပွားမှုနှုန်းမှာ ၀ ဒသမ ၃ ရာခိုင်နှုန်းခန့်သာရှိပြီး အိမ်နီးချင်းနိုင်ငံများထက် လျော့နည်းလျက်ရှိကြောင်း၊ ထိုအပေါ်တွင် ကျေနပ်နေ၍မရဘဲ ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးများကို အကြိမ်ပြည့်ထိုးနှံရန်လိုအပ်ပြီး လူတစ်ဦးအနေဖြင့် ကိုဗစ်ကာကွယ်ဆေးကို အနည်းဆုံး ၄ ကြိမ် ထိုးနှံနိုင်ပါက ကာကွယ်မှုအတွက် ပိုမိုထိရောက်သည်ကို ဆေးပညာရှင်များ၏ ပြောကြားချက်များအရ သိရှိရကြောင်း။

စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ရန် အစိုးရတွင် တိုက်ရိုက်တာဝန်ရှိကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ခေတ်မီနည်းစနစ်များဖြင့် ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ပြီး အခြားကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးစသည့် ဦးတည်ချက် သုံးရပ်ချမှတ်ထားကြောင်း။

**KG + 9 ကို အားပေးဆောင်ရွက်**

မိမိတို့နိုင်ငံရှိလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ကြကြောင်း၊ စီးပွားရေးလုပ်ငန်းတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် အဓိကကျပြီး အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်း (SME)များနှင့် ဆက်စပ်လျက်ရှိကြောင်း၊ နိုင်ငံအတွင်း မြေပေါ်၊ မြေအောက်သယံဇာတပစ္စည်းများ၊ စိုက်ပျိုးမြေများ၊ ရေသယံဇာတပစ္စည်းများ၊ စိုက်ပျိုးရေများ ပေါများစွာရှိကြောင်း၊ လူဦးရေအားဖြင့် ၅၅ သန်းခန့်ရှိပြီး ၅၀ ရာခိုင်နှုန်းအထက်သည် အလုပ်လုပ်ကိုင်နိုင်ကြသူများဖြစ်ကြောင်း၊ သန်းခေါင်စာရင်းအရ နိုင်ငံအတွင်း အလုပ်အကိုင်လုပ်ကိုင်နိုင်သူနှင့် အခွင့်အလမ်းများ များစွာရှိသည်ကို တွေ့ရှိရကြောင်း၊ လက်ရှိအချိန်တွင် အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များကို အသုံးချရန်လိုအပ်သကဲ့သို့ နောင်မျိုးဆက်တွင် အလုပ်လုပ်ကိုင်မည့် လူငယ်များ၏ စွမ်းဆောင်ရည်များလည်း တိုးတက်လာရန်လိုအပ်သဖြင့် ပညာရေးတွင် KG + 9 ကို အားပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထပ်မံ၍ နည်းပညာအရ တိုးတက်မှုရှိစေရေး ကောလိပ်များနှင့် တက္ကသိုလ်များတွင် သင်ကြားပေးရမည်ဖြစ်ကြောင်း။

ခေတ်ကာလအခြေအနေအရ ယခုအခါ လူငယ်များသည် အလုပ်လုပ်ရင်း ပညာသင်သည့် အခြေအနေသို့ရောက်ရှိနေသဖြင့် ထည့်သွင်းစဉ်းစားရမည့် အချက်တစ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် အကောင်းဆုံးနည်းလမ်းမှာ အနည်းဆုံးအခြေခံပညာ အလယ်တန်းနှင့်အထက် ရရှိစေရန် မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာတတ်မြောက်မှုအပေါ်မူတည်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မည့်သူများကို မွေးထုတ်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများသည် အလေးထားရမည့်ကဏ္ဍတွင်ရှိကြောင်း။

**အလေးထားဆောင်ရွက်**

ပြီးခဲ့သည့် ၅ နှစ် ယခင်အစိုးရလက်ထက် ကုန်ထုတ်လုပ်မှုနှင့် ပြည်ပသို့တင်ပို့မှု အခြေအနေများကို စိစစ်ကြည့်ရာ ပြည်ပပို့ကုန်များကျဆင်းခဲ့သည်ကိုတွေ့ရှိရပြီး ၂၀၁၈ ခုနှစ်မှစ၍ မိမိတို့နိုင်ငံ၏ စီးပွားရေးမှာ ကျဆင်းလာခဲ့ကြောင်း၊ ဆန်သည် အဓိကပို့ကုန်ဖြစ်ပြီး ထုတ်လုပ်မှုများ ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ပြည်ပပို့ကုန်တွင် စိုက်ပျိုးရေးထွက်ကုန်သည် အဓိကကျသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌများ အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အလေးထား ဆောင်ရွက်ကြစေလိုကြောင်း။

လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် စာသင်ကျောင်းများကို ယခင်နှစ်မှစ၍ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲများကိုလည်း ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ် ပညာသင်နှစ်တွင်လည်း ကျောင်းသားများအားလုံး ကျောင်းမပျက်ရန်နှင့် အမှန်တကယ် ပညာတတ်မြောက်စေရန်အတွက် သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနက ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ ၂၀၂၃ ခုနှစ် ဇွန်လတွင် ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ပြီး

**“လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် စာသင်ကျောင်းများကို ယခင်နှစ်မှစ၍ ပြန်လည်ဖွင့်လှစ်ခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲများကိုလည်း ကျင်းပပေးနိုင်ခဲ့၊ ယခုနှစ် ပညာသင်နှစ်တွင်လည်း ကျောင်းသားများအားလုံး ကျောင်းမပျက်ရန်နှင့် အမှန်တကယ် ပညာတတ်မြောက်စေရန်အတွက် သက်ဆိုင်ရာပညာရေးဝန်ကြီးဌာနက ကြပ်မတ်ဆောင်ရွက်သွားရန်လို၊ ၂၀၂၃ ခုနှစ် ဇွန်လတွင် ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရောက်နိုင်ရေးအတွက် ယခုအချိန်ကတည်းက အလေးထားဆောင်ရွက်ပေးကြစေလို၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မူလတန်းအဆင့်အထိ ပညာမသင်မနေရဟု ပြဋ္ဌာန်းထားသော်လည်း မိမိတို့အစိုးရအနေဖြင့် KG + 9 အထိ သင်ကြားနိုင်ရေးနှင့် အခမဲ့သင်ကြားနိုင်ရေး ဆောင်ရွက်ပေးထား၊ သို့သော် အချို့သောကျောင်းများတွင် အခကြေးငွေများ ကောက်ခံနေသည်ကို သိရှိရသဖြင့် သက်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့များက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်လို”**

*စာမျက်နှာ ၄ သို့*

**“မိုးစပါးကို တစ်ဧက ၇၅ တင်းခန့်ထွက်မည်ဟု ခန့်မှန်းထားကြောင်း၊ ပထမအဆင့်အနေဖြင့် မိုးစပါးကို တစ်ဧက ပျမ်းမျှတင်း ၈၀ ခန့်ထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက စပါးတင်း ၇၅ သန်းခန့် ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း၊ အလားတူ နွေစပါးကို တစ်ဧက တင်း ၉၀ ခန့်ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး ပထမအဆင့် တစ်ဧက ၉၅ တင်းခန့် ထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက စပါးတင်း ၁၅ သန်းခန့် ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း၊ နွေစပါး၊ မိုးစပါး နှစ်ခုပေါင်းပါက စပါးတင်းစုစုပေါင်း သန်း ၉၀ ခန့် ပိုမိုလာမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝင်ငွေ ပိုမိုရရှိလာမည် ဖြစ်ကြောင်း၊ ထိုသို့ ရည်မှန်းချက်ပန်းတိုင်များ ချမှတ်ပြီး အသေအချာ ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများနှင့် အထွက်နှုန်းကို မှန်မှန်ကန်ကန်ဖြစ်အောင် အလေးထား ဆောင်ရွက်သွားကြရန်လည်း လိုကြောင်း၊ အစိုးရပိုင်းအနေဖြင့် သွင်းအားစုများဖြစ်သည့် မြေသြဇာ၊ ပိုးသတ်ဆေးနှင့် စိုက်ပျိုးရေများ ရရှိရေးအတွက် မဖြစ်မနေ ဆောင်ရွက်ပေးရမည်”**

*စာမျက်နှာ ၃ မှ*

ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းတက်ရောက်နိုင်ရေးအတွက် ယခုအချိန်ကတည်းက အလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မူလတန်းအဆင့်အထိ ပညာမသင်မနေရဟု ပြဋ္ဌာန်းထားသော်လည်း မိမိတို့အစိုးရအနေဖြင့် KG + 9 အထိ သင်ကြားနိုင်ရေးနှင့် အခမဲ့သင်ကြားနိုင်ရေး ဆောင်ရွက်ပေးထားကြောင်း၊ သို့သော် အချို့သော ကျောင်းများတွင် အခကြေးငွေများ ကောက်ခံနေသည်ကို သိရှိရသဖြင့် သက်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့များက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း။

**ခရိုင်များ ထပ်မံတိုးချဲ့ဖွဲ့စည်းပေးခဲ့**

အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်များ ထပ်မံ တိုးချဲ့ဖွဲ့စည်းပေးခဲ့ကြောင်း၊ အသစ်ထပ်မံဖွဲ့စည်းထားသည့် ခရိုင်ရုံးများ လုပ်ငန်းလည်ပတ်နိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့သည် နိုင်ငံတော်စွမ်းပကားကို မြှင့်တင်ပေးသည့် ကဏ္ဍများဖြစ်ကြောင်း၊ ခရိုင်အဆင့် တာဝန်ရှိသည့် ပုဂ္ဂိုလ်များအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားမည်ဆိုပါက တိုးတက်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်ဖြစ်ကြောင်း၊ ထိုအထဲမှ ထူးချွန်သူများအနေဖြင့် စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံများနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ကြရမည်ဖြစ်ကြောင်း၊ အခြားဝိဇ္ဇာသိပ္ပံပညာရပ်များသင်ကြားသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ပုံမှန်အတိုင်းဆက်လက်ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း။

**အဓိကဖြည့်တင်းပေးရန်လို**

မိမိတို့တွင် နိုင်ငံတော်သာယာဝပြောရေးနှင့် နိုင်ငံတော်စားရေရိက္ခာပေါများရေး အမျိုးသားရေးပန်းတိုင် ၂ ရပ်ရှိကြောင်း၊ ဒုတိယအချက်ဖြစ်သည့် နိုင်ငံတော်စားရေရိက္ခာပေါများရေးနှင့်ပတ်သက်ပြီး မိမိတို့လုပ်နိုင်သည့် အချက်များစွာရှိကြောင်း၊ ပြည်တွင်းတွင် ဆန်၊ ပဲ၊ ပြောင်း သီးနှံများ ဖူလုံလျက်ရှိပြီး နိုင်ငံခြားသို့တင်ပို့နေကြောင်း၊ ဆီထွက်သီးနှံ မြေပဲနှင့်နှမ်းများလည်း ပြည်ပသို့တင်ပို့နေရကြောင်း၊ သို့သော်လည်း ပြည်ပမှစားသုံးဆီများ တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီအုန်းစိုက်ဧက ၄ သိန်းခန့်ရှိသည်ဟု သိရှိရကြောင်း၊ သို့သော် အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်လျှင် ဆီအုန်းအတွက်နှုန်း အလွန်နည်းနေသည်ကို တွေ့ရှိရကြောင်း၊ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုသည် နိုင်ငံတကာနှင့်ယှဉ်ပါက နည်းနေသေးကြောင်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ သို့မှသာ ပြည်တွင်းဆီဖူလုံမှု အထိုက်အလျောက်ရှိလာမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကို သေသေချာချာ ထိထိရောက်ရောက် ဆောင်ရွက်မည်ဆိုပါက လာမည့် ၂၀၂၃ ခုနှစ် ဒုတိယရာသီ ဆီထွက်သီးနှံစိုက်ပျိုးပြီးချိန်တွင် ဆီဖူလုံမှု အပြည့်အဝရရှိလာနိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း၊ ပြည်ပမှတင်သွင်းမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဆီဖူလုံမှုရှိအောင် ဆောင်ရွက်နိုင်ပြီး မွန်ပြည်နယ်သို့ အဓိကဖြည့်တင်းပေးရန်လိုကြောင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လိုအပ်သည့် စားသုံးဆီလိုအပ်ချက်ကို နေကြာ၊ နှမ်း၊ ပဲ၊ ပန်းနှမ်း၊ ပဲပုပ်ဆီတို့ဖြင့် ဖြည့်ဆည်းသွားနိုင်ကြောင်း။

**မဖြစ်မနေဆောင်ရွက်ပေးရမည်**

စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ မိုးစပါးစိုက်ဧက ၁၅ သန်းနှင့် နွေစပါးစိုက်ဧက ၃ သန်းခန့်ရှိကြောင်း၊ စိုက်ဧက ၁၇ သန်းကျော်ရှိသော်လည်း နွေစပါး၊ မိုးစပါး စိုက်ပျိုးထုတ်လုပ်မှုသည် ရည်မှန်းချက် မပြည့်မီသေးကြောင်း၊ စိုက်ဧက၊ ပြည်ပပို့သည့်ဆန်နှင့် လက်ကျန်ရှိသည့် ဆန်ကို ရာသီအလိုက် ချိန်ဆရာတွင် အလျှံပယ်ပိုခြင်း မရှိသည်ကို တွေ့ရကြောင်း၊ သတိထားရမည့် အခြေအနေမျိုးရှိကြောင်း၊ မိုးစပါးကို တစ်ဧက ၇၅ တင်းခန့်ထွက်မည်ဟု ခန့်မှန်းထားကြောင်း၊ ပထမအဆင့်အနေဖြင့် မိုးစပါးကို တစ်ဧက ပျမ်းမျှတင်း ၈၀ ခန့်ထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက စပါးတင်း ၇၅ သန်းခန့် ပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း၊ အလားတူ နွေစပါးကို တစ်ဧက တင်း ၉၀ ခန့်ထွက်ရှိမည်ဟု ခန့်မှန်းထားပြီး ပထမအဆင့် တစ်ဧက ၉၅ တင်းခန့် ထွက်ရှိအောင် ဆောင်ရွက်မည်ဆိုပါက စပါးတင်း ၁၅ သန်းခန့် ပိုမိုထွက်ရှိလာမည် ဖြစ်ကြောင်း၊ နွေစပါး၊ မိုးစပါးနှစ်ခုပေါင်းပါက စပါးတင်းစုစုပေါင်း သန်း ၉၀ ခန့် ပိုမိုလာမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝင်ငွေ ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထိုသို့ ရည်မှန်းချက်ပန်းတိုင်များ ချမှတ်ပြီး အသေအချာ ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများနှင့် အထွက်နှုန်းကို မှန်မှန်ကန်ကန်ဖြစ်အောင် အလေးထား ဆောင်ရွက်သွားကြရန်လည်း လိုကြောင်း၊ အစိုးရပိုင်းအနေဖြင့် သွင်းအားစုများဖြစ်သည့် မြေသြဇာ၊ ပိုးသတ်ဆေးနှင့် စိုက်ပျိုးရေများ ရရှိရေးအတွက် မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ကူညီထောက်ပံ့ပေးသွားရမည်**

နွေရာသီတွင် ရေလုံလောက်စွာရရှိရေးအတွက် ရေသိုလှောင်သည့်စနစ်၊ မြေအောက်ရေကို စနစ်တကျ သုံးစွဲသည့်စနစ်တို့ဖြင့် အကျိုးရှိရှိ သုံးစွဲနိုင်အောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်လာပါက အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိလာမည်ကြောင်း၊ ထို့ပြင် သုံးစွဲမှုနှင့် ဝယ်လိုအား တက်လာမည်ဖြစ်ပြီး လူမှုစီးပွားဘဝပါ တိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ကျေးလက်ကိုအခြေခံပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍ အသားစား ကြက်၊ ဝက် မွေးမြူရေးလုပ်ငန်းများသည် အချိန်တိုအတွင်း ငွေပြန်ပေါ်နိုင်သည့် လုပ်ငန်းများဖြစ်သည့်အတွက် မတည်အရင်းအနှီးများ ကူညီထောက်ပံ့ပေးသွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်များအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုလုံးကို လွှမ်းခြုံသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ကြရန်လိုကြောင်း၊ ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမည်ဖြစ်ကြောင်း။

စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံခန့် ပြည်ပမှ ရေနံနှင့် ရေနံထွက်ပစ္စည်းများ တင်သွင်းနေရသဖြင့် ပြည်ပမှ တင်သွင်းမှုကို လျှော့ချသွားရန်လိုကြောင်း၊ ပြည်တွင်းတွင် အထိုက်အလျောက် ရေနံထွက်ရှိပြီး အချို့ဒေသများရှိ တွင်းတိမ် ရေနံတူးဖော်ထုတ်လုပ်မှုများ စနစ်တကျဖြစ်ရန်လိုကြောင်း၊ ရေနံထုတ်လုပ်မှုလုပ်ငန်းများကို တိုင်းပြည်အတွက် အကျိုးရှိအောင် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုကြောင်း။

ဒေသအလိုက် လျှပ်စစ်ထုတ်လုပ်နိုင်သည့် လုပ်ငန်းများ၊ စီမံကိန်းများ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လာမည့်နှစ်တွင် ဒေသအလိုက် လျှပ်စစ်ဓာတ်အား ဖူလုံစေရေး ရေအား၊ ဆိုလာစနစ်များဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ကြံဆဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိပါက ဒေသခံများ၏ လူမှုစီးပွားဘဝ အထိုက်အလျောက် တိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း။

**ဘက်ပေါင်းစုံကစဉ်းစားဆောင်ရွက်**

အားကစားနှင့်ပတ်သက်၍ ချက်ချင်းထလုပ်၍ ရသည့်လုပ်ငန်း မဟုတ်သည့်အတွက် အချိန်ယူလေ့ကျင့်မွေးထုတ်သွားရန်လိုကြောင်း၊ ပြည်သူလူထု ကျန်းမာရေးအတွက် အလွယ်ကူဆုံးအားကစားမှာ လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းတို့ရှိကြောင်း၊ ကျန်းမာမှ ပညာရေး၊ စီးပွားရေးနှင့် အခြားကိစ္စရပ်များကို ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ မိမိကိုယ်တိုင်ကစပြီး ဂရုတစိုက်ဆောင်ရွက်ကြရန်၊ လက်အောက်အဆင့်ဆင့်ကိုလည်း တွန်းအားပေးကြပ်မတ်ဆောင်ရွက်သွားရန်နှင့် ဘက်ပေါင်းစုံက စဉ်းစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသအလိုက် အားကစားကွင်းများ တည်ဆောက်ရာတွင် ရေရှည်မျှော်တွေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ပြည်သူများ အကျိုးရှိအောင် နည်းလမ်းရှာဖွေ လုပ်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း။

တက်ရောက်လာကြသူများအနေဖြင့် မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်ခဲ့သည့် ၁၈ လ ကာလအတွင်း ဆောင်ရွက်ချက်များနှင့် နိုင်ငံတော်နှင့် ဒေသအတွက် အမှန်တကယ်အကျိုးရှိမည့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအမံများကို တင်ပြကြစေလိုကြောင်းဖြင့် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသ၏ အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို Powerpoint ဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ညနေပိုင်းတွင် အစည်းအဝေးကို ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**❖ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကို သေသေချာချာ ထိထိရောက်ရောက် ဆောင်ရွက်မည်ဆိုပါက လာမည့် ၂၀၂၃ ခုနှစ် ဒုတိယရာသီ ဆီထွက်သီးနှံစိုက်ပျိုးပြီးချိန်တွင် ဆီဖူလုံမှု အပြည့်အဝရရှိလာနိုင်လိမ့်မည်ဟု မျှော်မှန်းထား၊ ပြည်ပမှ တင်သွင်းမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ဆီဖူလုံမှုရှိအောင် ဆောင်ရွက်နိုင်ပြီး မွန်ပြည်နယ်သို့ အဓိကဖြည့်တင်းပေးရန်လို၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လိုအပ်သည့် စားသုံးဆီလိုအပ်ချက်ကို နေကြာ၊ နှမ်း၊ ပဲ၊ ပန်းနှမ်း၊ ပဲပုပ်ဆီတို့ဖြင့် ဖြည့်ဆည်း**



## မြို့တော်လမ်းများ ကောင်းမွန်ရေး လုပ်ငန်းဆောင်ရွက်နေမှု ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒေါပုံမြို့နယ် စက်ရုံလမ်းရှိ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ ကတ္တရာ ကွန်ကရစ်နှင့် ဘိလပ်မြေကွန်ကရစ်စက်သို့ သွားရောက်၍ လူသွားစင်္ကြံလမ်းများ ခင်းကျင်းရန် လမ်းခင်း ကွန်ကရစ်အုတ် Interlock ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကတ္တရာ ကွန်ကရစ်နှင့် ဘိလပ်မြေကွန်ကရစ်စက်များ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စက်များကြံ့ခိုင် ကောင်းမွန်စေရေး စစ်ဆေးပြုပြင် ထိန်းသိမ်းသွားရန် မှာကြားသည်။

ထို့နောက် အရည်အသွေး စစ်ဆေးရေး ဓာတ်ခွဲခန်းသို့ သွားရောက်၍ ဓာတ်ခွဲခန်းအတွင်း 9400 PSI အထိ စစ်ဆေးစမ်းသပ်နိုင်သည့် ကွန်ကရစ်ခံနိုင်ရည် စမ်းသပ်စက် (Comprehensive Strength Test Machine) များဖြင့် လမ်းခင်းရာတွင် အသုံးပြုသည့် ကွန်ကရစ်အုတ်များကို အရည်အသွေးစစ်ဆေးနေမှုကို လည်းကောင်း၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နှင့် သာကေတမြို့နယ်များသို့ဆက်သွယ်ထားသော ရေဝဏ် လမ်းမကြီး နဝရတ်လမ်းမှ စစ်တောင်းလမ်းအထိ အပိုင်း ကွန်ကရစ် တိုးချဲ့ခင်းကျင်းနေမှုကို လည်းကောင်း၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ မင်းဓမ္မလမ်း အောင်သိဒ္ဓိချောင်းသို့ သွားရောက်၍ အင်ဂျင်နီယာဌာန (ရေစီးရေလာ စီမံခန့်ခွဲမှု)မှ တော်ဝင်လမ်းမှ အောင်သိဒ္ဓိလမ်းအထိ အောင်သိဒ္ဓိချောင်း ချောင်းမြေထိန်းနံရံ တည်ဆောက်နေမှုကို လည်းကောင်း၊ ၉ မိုင် ဆည်မြောင်းချောင်းမှ အောင်သိဒ္ဓိချောင်းသို့ ပြန်လည်စီးဝင်သည့် မင်းဓမ္မလမ်းရေမြောင်းနှင့် အောင်သိဒ္ဓိချောင်း ဆက်လက်စီးဆင်းရာ မင်းဓမ္မလမ်းဖြတ် Box Culvert ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အကျိုးတူလယ်ယာစနစ်ဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် အကျိုးတူစနစ်ဖြင့် ရေချိုပုစွန်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ချေးငွေထုတ်ပေးမည်

**နေပြည်တော် ဩဂုတ် ၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ လာမည့် စိုက်ပျိုးရာသီ၊ နွေစပါး သီးနှံ၊ ပဲတီစိမ်းသီးနှံနှင့် ရေချိုပုစွန် မွေးမြူထုတ်လုပ်ခြင်း လုပ်ငန်းများတွင် နိုင်ငံတော်က ချေးငွေ ထုတ်ပေးပြီး အကျိုးတူလယ်ယာစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရုံး၌ ယနေ့နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပပြုလုပ်သည့် အကျိုးတူ လယ်ယာစနစ်ဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် အကျိုးတူစနစ်ဖြင့် ရေချိုပုစွန် မွေးမြူထုတ်လုပ်ခြင်း လုပ်ငန်းဆိုင်ရာစနစ်ပုံစံနှင့် လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ပုစွန်မွေးမြူထုတ်လုပ် ရောင်းချသူများအသင်း၊ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ငါး၊ ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများ အသင်းတို့မှ ဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အကျိုးတူလယ်ယာ (Contract Farming) စနစ်ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း၊ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများကို တောင်သူအစုအဖွဲ့ (သို့မဟုတ်) တောင်သူသမဝါယမအသင်းများ၊ သွင်းအားစု ကုမ္ပဏီများနှင့် အကျိုးတူလယ်ယာစနစ် ဆောင်ရွက်မည့် ဆန်စက်၊ ဆီစက်၊ ပဲခွဲစက်များအကြား သုံးဦးသုံးဖလှယ် သဘောတူစာချုပ် ချုပ်ဆိုဆောင်ရွက်ရန်လိုကြောင်း၊ စာချုပ်ချုပ်ဆိုရာတွင် အသိသက်သေများအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့က ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များက အကျိုးတူလယ်ယာစနစ်ဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် အကျိုးတူစနစ်ဖြင့် ရေချိုပုစွန် မွေးမြူထုတ်လုပ်ခြင်း လုပ်ငန်းဆိုင်ရာစနစ်ပုံစံနှင့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြ သူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေး တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## တွံတေးမြို့နယ်၌ ဆိပ်ခံဖောတံတားသစ် တည်ဆောက်ပြီးစီး

**တွံတေး ဩဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် တွံတေး ဆိပ်ခံတံတားနှင့် သင်္ဘောဆိပ်ခံ ဖောအသစ်တို့ကို တည်ဆောက်ပြီးစီးသွားပြီ ဖြစ်သည်။

တွံတေးမြို့ ဆိပ်ခံဖောတံတားကို ယခင်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနက ရေဝတီမြစ်ဝကျွန်းပေါ်ရှိ မြို့များသို့ ဆက်သွယ်သွားလာသည့် သင်္ဘောများဆိုက်ကပ်ရာ အဓိက ဆိပ်ခံဖောတံတားဖြစ်ပြီး ယခုအခါ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာသည့်အတွက် ခရီးသွားပြည်သူများက ရေလမ်းခရီးထက် ကုန်းလမ်းကိုသာ ပိုမိုအသုံးပြုသွားလာနေကြပြီ ဖြစ်သည်။



တည်ဆောက်ပြီးစီးသည့် ဆိပ်ခံတံတားနှင့် ဖောတံတားကို တွေ့ရစဉ်။

တွံတေးမြို့ စည်ပင်သာယာရေးအဖွဲ့မှ ဆိပ်ခံတံတားနှင့် ဖောအသစ်တစ်စင်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် စည်ပင်သာယာရေးဌာန ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပြီး တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေး၊ ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**တွံတေးသား**

## မြစ်ကြီးနားမြို့နယ်မှ နေ့စဉ်စွန့်ပစ်အမှိုက် တန်ချိန် ၁၀၀ ကျော် စနစ်တကျစွန့်ပစ်နိုင်ရေးဆောင်ရွက်

**မြစ်ကြီးနား ဩဂုတ် ၈**

ကချင်ပြည်နယ်၏ မြို့တော်ဖြစ်သည့် မြစ်ကြီးနားမြို့သည် လူဦးရေ ထူထပ်လာသည်နှင့်အမျှ နေ့စဉ်စွန့်ပစ်အမှိုက်များ များပြားလာခြင်းကြောင့် အမှိုက်များ စနစ်တကျသိမ်းဆည်းစွန့်ပစ်နိုင်ရေးနှင့် အမှိုက်ကွင်းမြေနေရာ ရေရှည်အသုံးပြုနိုင်ရေးအတွက် တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြေနေရာသည် ဧကအားဖြင့် ၂၀ ဒသမ ၈၂ ဧက ကျယ်ဝန်းပြီး မြစ်ကြီးနားမြို့နှင့် ၁၃ မိုင်ကွာဝေးကာ မြစ်ကြီးနားမြို့နယ်အတွင်းရှိ ရပ်ကွက် ၂၆ ရပ်ကွက်မှ စွန့်ပစ်အမှိုက်များကို အမှိုက်ကား ၁၄ စီးဖြင့် နေ့စဉ်အမှိုက်တန်ချိန် ၁၀၀ ကျော်ကို ၁၀ နှစ်ကျော်ကြာ စွန့်ပစ်ထားခဲ့သဖြင့် အမှိုက်ကျင်းနေရာကို ရေရှည်ဆက်လက်သုံးစွဲနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက အမှိုက်ပုံကွင်းဧရိယာအတွင်း ဩဂုတ် ၆ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးက စွန့်ပစ်အမှိုက်ကန်မြေနေရာရေရှည်သုံးစွဲနိုင်ရေး၊ အမှိုက်ကား ဝင်/ ထွက်သည့် အဓိကလမ်းများ ကွန်ကရစ်လမ်းနှင့် သဲကျောက်လမ်းခင်းကျင်းနိုင်ရေး၊ လိုအပ်သည့် စက်ယန္တရားများ ဖြည့်ဆည်းပေးနိုင်ရေး၊ လိုအပ်ပါက အမှိုက်စွန့်ပစ်နေရာ တိုးချဲ့နိုင်ရေး ကွင်းဆင်းစိစစ်ရွေးချယ်ရေး၊ အမှိုက်များ မြို့တွင်းနေရာ တစ်နေရာ၌ စနစ်တကျ စုစည်း၍ အမှိုက်ကန်သို့ စွန့်ပစ်နိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်နှင့်အညီ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သိရှိအောင် လေ့လာ၊ ပြင်ဆင်ထား

**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်မည့် ဦးစီးအရာရှိများ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် (၄/၂၀၂၂) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် စစ်ကြောရေးနှင့် တည်းခိုရေး (ရွာတော်) ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။(ယာပုံ)



သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်စေရန် ကျင်းပဆောင်ရွက်ပေးရသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ သင်တန်းသားအရာရှိများအနေနှင့် ဝန်ထမ်းရွေးချယ်ရေးက သတ်မှတ်ထားသည့် အရည်အချင်းသတ်မှတ်ချက်များကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့၍ ဦးစီးအရာရှိများအဖြစ် ခန့်အပ်တာဝန်ပေးခံရပြီး ဖြစ်သကဲ့သို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် လေ့ကျင့်ရေး သင်တန်းကျောင်းတွင်လည်း ဦးစီးအရာရှိတစ်ယောက်အနေနှင့် သိသင့်သိထိုက်သည့် ရုံးလုပ်ငန်းဆိုင်ရာများ၊ ဝန်ထမ်းကျင့်ဝတ်များကို သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း။

လာမည့်ရွေးကောက်ပွဲများကို ယခင်ရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သည့် မဲများသူအနိုင်ရ (FPTP) စနစ်အစား အချိုးကျကိုယ်စားပြုစနစ် (PR) ကို ပြောင်းလဲကျင့်သုံးနိုင်ရေး နိုင်ငံရေးပါတီများနှင့် လေးကြိမ် တွေ့ဆုံဆွေးနွေးခဲ့၍ သဘောတူညီမှုရရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခုသင်တန်းတွင်လည်း PR စနစ်နှင့် ပတ်သက်၍ ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်နှင့်အညီ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်သိရှိအောင် လေ့လာ၊ ပြင်ဆင်ထားကြရန် မှာကြားလိုကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဘက်လိုက်မှုကင်းရန် အလေးအနက်ထား လိုက်နာကြရန် အထူးမှာကြားလိုကြောင်း၊ မဖြစ်မနေလိုက်နာရန်လိုအပ်သည့် နောက်ဥပဒေတစ်ခုမှာ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်အက်ဥပဒေကို သေချာဖတ်ရှုလေ့လာပြီး နိုင်ငံ့ဝန်ထမ်းတစ်ယောက်အနေနှင့်သာမက နိုင်ငံသားတစ်ယောက်အနေနှင့်ပါ လိုက်နာဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးတာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းကို ဩဂုတ် ၈ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်၌ ရေချိုငါးမြစ်ချင်း ဧက ၁၀၀၀ မွေးမြူ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကတင်ပို့ရန် ဆောင်ရွက်နေ

ရန်ကုန် ဩဂုတ် ၈

**ရခိုင်ပြည်နယ် မင်းပြား – ပေါက်တောကားလမ်းဘေး ချောင်းရှည်ရွာရှိ ငါးသားဖောက်စခန်းတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက ဩဂုတ်လ ပထမပတ်မှစတင်၍ ငါးမြစ်ချင်းသားဖောက်လုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး ရေချိုငါးမြစ်ချင်းဧက ၁၀၀၀ မွေးမြူ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓိကရေချိုထွက်ကုန်အဖြစ်တင်ပို့နိုင်ရန် ရည်မှန်းဆောင်ရွက်နေကြောင်း သိရသည်။**



ရခိုင်ပြည်နယ် မင်းပြား–ပေါက်တောကားလမ်းဘေးရှိ ငါးသားဖောက်စခန်းအနီး၌ ရေချိုငါးမြစ်ချင်းမွေးမြူရေးစီမံကိန်းဇုန်ကို တွေ့ရစဉ်။

နိုင်ငံတော်မှ စိုက်ပျိုးရေးနှင့်မွေးမြူကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးမှု၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ အားဖြည့်ကြိုးပမ်းမှုဖြင့် ရေချို ငါး/ပုစွန်မွေးမြူမှုနည်းသော နေရာ၌ ဝယ်လိုအား ရှိနေသော ငါးမြစ်ချင်းကို အနီးဆုံးဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ တင်ပို့နိုင်ရန် ရှေ့ပြေး Pilot Project အနေဖြင့် ငါးမွေးမြူရေးဇုန်ကို စတင်ဆောင်ရွက်ခြင်း ဖြစ်သည်။

ရေချိုမွေးမြူရေးဧက ၁၀၀၀ နှင့် ရေငန်မွေးမြူမှု ဧက ၁၅၀၀ ဖြင့် ဧက ၂၅၀၀ ရေချို/ရေငန်မွေးမြူရေးကဏ္ဍတွင် ရေချိုမွေးမြူရေးကို ကနဦးအကောင်အထည်ဖော်ခြင်းဖြစ်ပြီး ဒေသခံမွေးမြူရေးတောင်သူများ စိတ်ဝင်စားပါက တာဝန်ယူ ဆောင်ရွက်နေသော ကုမ္ပဏီမှ နည်းပညာနှင့် အရင်းနှီးစိုက်ထုတ်၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးကန် ဧက ၁၀၀၀ မှထွက်ရှိသော ငါးမြစ်ချင်းကို အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ပြီး ရေချိုငါး ဈေးကွက်ကြီးတစ်ခု ပေါ်ထွန်းလာရန် ကြိုးပမ်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ မြေပြင်တွင် ရေချို/ရေငန် အမှန်တကယ်မွေးမြူမှု အဆင်ပြေစေရန် ပြည်နယ်အစိုးရက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေချိုမွေးမြူရေးဇုန်၌ ပထမနှစ်တွင် ငါးမြစ်ချင်း ဧက ၁၀၀ မှစ၍ နှစ်စဉ်ဧက ၁၀၀ တိုးမြှင့်မွေးမြူသွားမည်ဖြစ်ပြီး ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် တည်ဆောက်ထားသောငါးသားဖောက်စခန်း တည်ရှိသည့်အတွက် ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ ငါးမြစ်ချင်းသားပေါက်မှာယူရန်မလိုဘဲ လိုအပ်သော ငါးသားပေါက်ကို လွယ်ကူစွာရရှိပြီး မွေးမြူရေးကဏ္ဍကို အရှိန်မြှင့်တင် ဆောင်ရွက်ခြင်း ဖြစ်သည်။

“မင်းပြားနဲ့ ပေါက်တောကားလမ်းဘေးက ချောင်းရှည်ဆိုတဲ့ရွာမှာ ပြည်နယ် ဘတ်ဂျက်နဲ့ ငါးသားဖောက်စခန်းတစ်ခု တည်ဆောက်ထားတယ်။ အခုသားဖောက်နေပြီဆိုတော့ လာမယ့်လမှာ ငါးသားပေါက်စပြီး ထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ကနဦး ကောင်ရေ နှစ်သိန်း၊ သုံးသိန်း စဖောက်ပြီးတော့ နောက်ပိုင်းပိုပြီး သားဖောက်သွားဖို့ရှိပါတယ်။ ဒီမှာရေချိုမွေးမြူမှု က နည်းတယ်။ ဈေးကွက်တစ်ခုကို တင်ပို့နိုင်ဖို့မရှိဘူး။ ဒါကြောင့် ရေချို/ရေငန်မွေးမြူရေး ဇုန်ကနေ ဒေသခံတွေ အလုပ်အကိုင်ရရှိစေပြီး နိုင်ငံခြားဝင်ငွေနှစ်စဉ်ရရှိစေမယ့် ငါးမြစ်ချင်း မွေးမြူမှုမှာ ငါးသားပေါက်ရရှိမှုဟာ အရေးပါတာကြောင့် အခုလို ပြည်နယ်အစိုးရရဲ့ ပံ့ပိုးမှုနဲ့ သားဖောက်စခန်း တည်ဆောက်နိုင်မှုကို ဝမ်းသာပီတိဖြစ်ရပါတယ်။ ရေချိုပုစွန်ထုပ်ကိုလည်း ငါးနဲ့ရောနှောမွေးတဲ့စနစ်ကို ဆက်ပြီး အကောင်အထည်ဖော်သွားမှာပါ။ ဒါဟာလည်း သက်ဆိုင်ရာ ပြည်နယ်အစိုးရရဲ့ စိုက်ပျိုးမွေးမြူမှုကို အားပေးတဲ့ အကျိုးကျေးဇူးကြောင့်ပါ” ဟု ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောသည်။

ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးမြစ်ချင်းတင်ပို့ရာတွင် ရန်ကုန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ တင်ပို့နေသော သယ်ယူစရိတ်နှင့် ကုန်ပစ္စည်းအရည်အသွေးကို ထိန်းချုပ်နိုင်မည်ဖြစ်ပြီး ရေချိုစားသုံးမှုနည်း၍ မွေးမြူမှုနည်းသော ရခိုင်ပြည်နယ်၌ ပြည်ပပို့ကုန်အတွက် ယခုကဲ့သို့ ရေချိုငါး မွေးမြူထုတ်လုပ်နိုင်မှုသည် ပြည်နယ်ဖွံ့ဖြိုးဝင်ငွေတိုးစေမည့် အစီအမံကောင်းတစ်ခု ဖြစ်သည်။

ငါးမြစ်ချင်းကို ပြည်ပပို့ကုန်အတွက် နှစ်နှစ် မွေးမြူလေ့ရှိပြီး ပထမတစ်နှစ်တွင် သားပေါက်မှ ငါးဖြန်းအရွယ်၊ ဒုတိယနှစ်တွင် ငါးဖြန်းမှ ရောင်းတန်းဝင်နှစ်ကီလိုကျော်အရွယ် မွေးမြူကြသည်။ ပို့ကုန်အလျှင်မီစေရန် စတင်မွေးမြူစဉ် တစ်လ၊ နှစ်လအတွင်း အသုတ်လိုက်ခွဲ၍ ထုတ်လုပ်မှုလည်ပတ်နိုင်ရန် မွေးမြူလေ့ရှိပြီး ရခိုင်ပြည်နယ်တွင် ရေချိုငါးမြစ်ချင်း ဧက ၁၀၀၀ မွေးမြူမှုနှင့်အတူ ရေငန်မွေးမြူ ထုတ်လုပ်ရေးကိုလည်း တစ်ပြိုင်တည်း ဟန်ချက်ညီစွာ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – ကနူး**

# ရွှေတောင်မြို့နယ်၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ ဆောင်ရွက်



**ရွှေတောင် ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်းရှိ ကျောင်းများတွင် ၂၀၂၂–၂၀၂၃ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေတောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်မျိုးသန့်၏ ဦးဆောင်မှုဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများကမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအစီအစဉ်ဖြင့် ဩဂုတ်လ ဒုတိယအပတ်မှစတင်၍ မြို့နယ်ပညာရေးဌာနနှင့် ပူးပေါင်းကာ ကျန်းမာရေးအသိပညာပေးခြင်း၊ ကျောင်းကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးနှင့် စနစ်မှန်သွားတိုက်ခြင်းတို့ကို သရုပ်ပြပညာပေးခြင်း၊ ကျောင်းသား ကျောင်းသူများအား သန်ချဆေးတိုက်ကျွေးခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ကိုကိုမင်း(ပြန် /ဆက်)**

❑ *ကျောဖုံးမှ*

ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ နှစ်(၅၀)ပြည့် ရွှေရတု တိုင်းနှစ်ပတ်လည်နေ့ ကျင်းပ



နေပြည်တော် ဩဂုတ် ၈

**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ နှစ်(၅၀)ပြည့် ရွှေရတု တိုင်းနှစ်ပတ်လည်နေ့ကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်မိန့်ခွန်း ပြောကြားကာ စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။**

ထို့နောက် နှစ်(၅၀)ပြည့် ရွှေရတု တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆုချီးမြှင့်ခြင်းကို တိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ဆက်လက်ပြုလုပ်ရာ လုံခြုံရေးတာဝန်များအား အသက်ကိုပဓာနမထားဘဲ ရှုပ်ရှုပ်ချုံချုံဆောင်ရွက်ခဲ့သည့် အရာရှိ/စစ်သည်များ၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ထူးချွန်အားကစားသမားများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဆုရရှိခဲ့ကြသည့် အားကစားသမားများ၊ သင်တန်းများတွင် ထူးချွန်ဆုရရှိကြသူများ၊ အိမ်ထောင်သည်လိုင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သန့်ရှင်းရေးအကောင်းဆုံးဆု ရရှိကြသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ၊ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ကျင်းပခဲ့ပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြသည်။

ထို့ပြင် ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား နိဗ္ဗာန်ဈေးပွဲတော် စတုဒိသာများဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးပြီး အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဆုပေးပွဲ ပြုလုပ်

**နေပြည်တော် ဩဂုတ် ၈**

တောင်ပိုင်းတိုင်းစစ် ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ထိန်ဝင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဆုပေးပွဲကို ပြုလုပ်ရာ တစ်ဦးချင်း ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသည့် ပဲခူးတပ်နယ်အသင်းတို့အား တိုင်းမှူး(ဝဲပုံ)နှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ မြန်မာ့သိုင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းတို့ဖြင့် ဇူလိုင် ၂၉ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်ဆည်မြို့နယ်ရှိ မျိုးစေ့ထုတ်နေကြာစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်

**ကျောက်ဆည် ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဦးစီးဌာနမှ နည်းပညာများ ကူညီပံ့ပိုးမှုဖြင့် မျိုးစေ့ထုတ်စိုက်ခင်းများ စိုက်ပျိုးလျက်ရှိရာ ကြောင်ပန်းကုန်းကျေးရွာတွင် စိုက်ပျိုးထားသော မျိုးစေ့ထုတ်နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မျိုးစေ့ထုတ်နေကြာသီးနှံများ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းသည့် အပင်ပေါက်နှုန်း ၈၀ ရာခိုင်နှုန်း အထက်ရှိသော ရေဆင်းစပ်မျိုး(၁)နေကြာမျိုးများကို တစ်ဧက သုံးပြည်အသုံးပြုပြီး သတ်မှတ်အပင်ဦးရေ ၂၉၀၀၀ ဝင်ဆံ့စေရန် တန်းကြားနှစ်ပေ၊ ပင်ကြား ကိုးလက်မဖြင့် တစ်ကျင်းလျှင်မျိုးစေ့နှစ်စေ့နှုန်းဖြင့် စနစ်တကျစိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ သွင်းအားစုအနေဖြင့် တစ်ဧက နွားချေးနှင့် မြေဆွေးတစ်မျိုးမျိုးကို နွားလှည်းငါးစီးမှ ၁၀ စီး၊ ယူရီးယား ၁၁၂ ပေါင်၊ တီစူပါ ၅၆ ပေါင်နှင့် ပိုတက်ရှ် ၅၆ ပေါင်ကို ထယ်ရေးပြင်ချိန်တွင် အသုံးပြုပြီး အဖူးဝင်ချိန်၌ ယူရီးယား ၅၆ ပေါင် ထပ်မံထည့်သွင်းစိုက်ပျိုးကြောင်း သိရသည်။ မျိုးစေ့ထုတ်နေကြာသီးနှံများကို မှိုင်းပန်ကျေးရွာ၊ ကလေးကျေးရွာ၊ တောင်တော်ကျေးရွာ၊ ရှားပင်ကျေးရွာ၊ ဒွေးလှကျေးရွာ၊ အနောက်ရွာတော်ကျေးရွာနှင့် ကြောင်ပန်းကုန်းကျေးရွာတို့ရှိ စိုက်ပျိုးရေယာ စုစုပေါင်း ဧက ၂၀၀ စိုက်ပျိုးထားကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

# အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ် (၁၂) ဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၈**

အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ Online Learning System ဖြင့် ကျင်းပသည်။



သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပါမောက္ခချုပ် ဦးဇော်ဇော်က အမှာစကားပြောကြားပြီး ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၇၁ ဦး တက်ရောက်လျက်ရှိပြီး အောက်တိုဘာ ၂၈ ရက်အထိ Distance Learning ဖြင့် လည်းကောင်း၊ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ In-House Learning ဖြင့်လည်းကောင်း သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်



**နေပြည်တော် သြဂုတ် ၈**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နှင့် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တို့မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံ သင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွလက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် သြဂုတ် ၈**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်ရှိ အနော်မာရုံကွင်းကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ ရေငုံပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ကျောင်းသစ်ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ မြို့မ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ နတ်ရေကန်သောဘိတာရာမ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိမဟာဝိနရကာရီ ကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကော့သောင်းမြို့ရှိ ရွှေဝက်ဝံတံတားအနီး၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့် ငါးဖမ်းစက်လှေများအား နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် သြဂုတ် ၈**



တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရွှေဝက်ဝံတံတားအနီး၌ ဆိုက်ကပ်ထားသော အဏ္ဏဝါရပ်ကွက်နေ ဦးစိုးလွင် ပိုင်ဆိုင်သော ငါးဖမ်းစက်လှေ ငါးစင်းအနက်မှ ထက်ထက်ပိုင်-၂၇ အမည်ရှိ ဝါးလတ်ငါးဖမ်း စက်လှေသည် မီးလိုင်းများပြုပြင်စဉ် ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်က လျှပ်စစ်ဝိုင်ယာရှော့ ဖြစ်ရာမှတစ်ဆင့် စတင်မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး အနီးရှိငါးဖမ်းစက်လှေ နှစ်စင်း မီးကူးစက် လောင်ကျွမ်းခဲ့သည်။

အဆိုပါ မီးလောင်မှု ဖြစ်ပေါ်ခဲ့သည့် နေရာသို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအဖွဲ့များက ဒေသခံ ပြည်သူများနှင့် စုပေါင်း၍ မီးသတ်ယာဉ် ရှစ်စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီခွဲခန့်တွင် မီးငြိမ်းသွားပြီး **(အပေါ်ပုံ)** မီးလောင်မှုကြောင့် အမျိုးသားတစ်ဦး မီးလောင်သေဆုံးခဲ့ကာ အမျိုးသား လေးဦး မီးလောင် ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် မီးလောင်ဒဏ်ရာ ရရှိခဲ့သူများအား ကော့သောင်းမြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် သြဂုတ် ၈

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်း ခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေး တိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်နေ သုတသည် ၎င်းအသုံးပြုသည့် “Thuta” Facebook အကောင့်၊ ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၁၇) နေ သီဟဇော် (ခ) မောင်သီ (ခ)အာလူးကာသည် ၎င်းအသုံးပြုသည့် “Mg Thi” Facebook အကောင့်၊ ရမည်းသင်းမြို့နယ် ကံကြီးကျေးရွာနေ ခင်မြိုင်သည် ၎င်းအသုံးပြုသည့် “Khin Myaing” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၅) ရပ်ကွက်နေ ဇင်လင်းထက်သည် ၎င်းအသုံးပြုသည့် “Zin Linn Htet” Facebook အကောင့်၊ လှိုင်မြို့နယ် အမှတ် (၁၆) ရပ်ကွက်နေ တင်တင်မော်သည် ၎င်းအသုံးပြုသည့် “Tin Tin Maw” Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ် (၁၀) ရပ်ကွက်နေ ယွန်းဝေထိုက်သည် ၎င်းအသုံးပြုသည့် “Yoon Wai Htike” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

# အရည်ဝါသီ မိုင်းဖုန်းဆရာတော်ကြီး မိုးနဲမြို့နယ်သို့ ကြွရောက်အပူဇော်ခံတော်မူ၊ ပြည်သူများ စည်ကားစွာ လာရောက်ဖူးမြော်

**မိုးနဲ ဩဂုတ် ၈**

အရည်ဝါသီ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မိုင်းဖုန်း ဆရာတော်ကြီး ဘဒ္ဒန္တဉာဏသံဝရ နှင့်သံဃာတော် အရှင်သူမြတ်များ မိုးနဲမြို့နယ် နာဟောင်ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူ ဆုတောင်းပြည့်ဘုရား ကွင်းပြင် စင်မြင့်နေရာ၌ ယမန်နေ့ ညနေ ၄ နာရီခွဲက ကြွရောက်အပူဇော်ခံတော်မူကြောင်း သိရသည်။



အပူဇော်ခံစဉ် ဆရာတော်ကြီး ဝစီပိတ်အဓိဋ္ဌာန် တော်မူထားသဖြင့် ကိုယ်အမူအရာဖြင့် တရားတော်များ ချီးမြှင့်ပေးရာ တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တသုခမိန္ဒ (တန့်ယန်း) ဆရာတော်က ပြန်လည်ရှင်းလင်း ဟောကြားတော်မူကြောင်း သိရသည်။

တရားတော်၏အနက်မှာ "လူတိုင်းနားလည်လွယ်တဲ့ကျင့်စဉ်တစ်ခု" လက်ခုပ် သုံးခါ (သို့မဟုတ်) ငါးခါ တီးပါ။ လက်ဖဝါးနှစ်ဖက် ရိုက်ခတ်ထိတွေ့မှုကြောင့် ဝေဒနာပေါ်လာမယ်။ ပေါ်လာတဲ့စပ်ဖျင်းဖျင်း ဝေဒနာတွေကို ဖြစ်ပျက်ရှု၊ လက်ဖဝါးနှစ်ခု ပွတ်ချေပါ။ ပူလာမယ်။ ပူလာရင် လက်ဖဝါးနှစ်ဖက် ဆုပ်ညှစ်ထားပါ။ လက်ဖဝါးထဲကဝေဒနာ ဖြစ်ပျက်မှုရှုပါ။ တေဇောဓာတ်အားကောင်းနေသေးရင် ကုသိုလ်ပြုချိန် ရသေးတယ်။ (သေခါနီးလူနာကတော့ ခြေဖျားလက်ဖျားအေးနေလေတော့ ကုသိုလ်ပြုချိန်မကျန်တော့ဘူး)၊ လက်ဖဝါးဖြင့် နဖူး၊ မျက်စိ၊ မျက်နှာစသည်တို့ကို ပွတ်ပါ။ ထိနမိတ္တတွေကို ပယ်ဖျောက်ပြီး စိတ်ကို လန်းဆန်းစေပါမယ်။ လေကိုတဝကြီး အဆုတ်ထဲရောက်အောင် သုံးကြိမ် ရှူသွင်းပါ။ ခဏအောင့်ထားပြီး လေကို ချောင်းဆိုးပြီးမှ ရှူထုတ်ပါ။ (အဆုတ်အားကောင်းအောင် လေ့ကျင့်တဲ့နည်းဖြစ်ပါတယ်) စိတ်ဖိစီးမှု၊ ရုပ်ဖိစီးမှုတွေ ပယ်ဖျောက်စေပါမယ် စသည့်တရားတော်များဖြစ်ကြောင်း သိရသည်။

အဆိုပါ ကြွရောက်အပူဇော်ခံရာနေရာသို့ မိုးနဲမြို့နယ်၊ မောက်မယ်မြို့နယ်၊ နမ့်စန်မြို့နယ်၊ လင်းခေးမြို့နယ်နှင့် အခြားမြို့နယ်များမှ ထောင်နှင့်ချီသော ပြည်သူများ၊ အလှူရှင်များစည်ကား သိုက်မြိုက်စွာ လာရောက်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# စဉ့်ကူးမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းချေးငွေများ ကျေးရွာသုံးရွာသို့ ဆပ်/ထုတ်စနစ်ဖြင့်ထုတ်ပေး

**စဉ့်ကူး ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းဖြင့် ကျေးရွာသုံးရွာကို တတိယအကြိမ်မြောက် ချေးငွေများဆပ်/ထုတ်စနစ်ဖြင့် ထုတ်ပေးခြင်းကို ယနေ့မွန်းလွဲပိုင်းက စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်အောင်စိုးက ကျေးရွာမတည်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်ပန်ကုန်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၀ ထံ ချေးငွေ ၁၈ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၀ ထံ ချေးငွေ ၁၄ ဒသမ ၈ သန်း၊ ရွာတော်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၉ ဦးထံ ချေးငွေ ၁၈ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးထံ ချေးငွေ ၇ ဒသမ ၇ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ လေးဦးထံ ချေးငွေ ၀ ဒသမ ၉၅ သန်း၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးထံ ချေးငွေ ၀ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးထံ ချေးငွေ ၁ ဒသမ ၁ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၄ ဦးထံ ချေးငွေ ၃ ဒသမ ၅ သန်း။

ကျောင်းဆိပ်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၄ ဦးထံ ချေးငွေ ၂၀ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးထံ ချေးငွေ ၁၀ ဒသမ ၇ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ငါးဦးထံသို့ ချေးငွေ ၀ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးထံ ချေးငွေ ၀ ဒသမ ၇၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ငါးဦးထံ ချေးငွေ ၀ ဒသမ ၅၅ သန်း စုစုပေါင်းကျေးရွာသုံးရွာမှ လုပ်ငန်းလုပ်ကိုင်သူ ၄၄၉ ဦးအတွက် ချေးငွေ ၉၉၄ သန်းကို ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့က တတိယအကြိမ်မြောက် လွှဲပြောင်းပေးအပ်ရာ ကျေးရွာကော်မတီများမှ အသင်းသားများ လက်ဝယ်သို့ နေ့ချင်းပြီး ပြန်လည်ထုတ်ပေးကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**တင်ဇာလွင် (ပြန်/ဆက်)**




# ရပ်စောက်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဩဂုတ် ၈**

ရှမ်းပြည်နယ် တောင်ပိုင်း ရပ်စောက်မြို့နယ်နှင့် ပင်းတယမြို့နယ်အတွင်း ဩဂုတ် ၇ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရပ်စောက်မြို့ ဇော်ဂျီချောင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဇော်ဂျီရပ်ကွက်ရှိ နယ်မြေ(၁)၊ နယ်မြေ (၂)၊ နယ်မြေ (၃) နှင့် ဥတ္တံတားရပ်ကွက်တို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။



အဆိုပါ နေရာသို့ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများက ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ လိုအပ်သည့်ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ရေဘေးသင့်ပြည်သူများကို ရပ်စောက်မြို့ရှိ အားကစားခန်းမသို့ ကူညီရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှု အားပေးပြီး ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၃၄၃ စုတို့အတွက် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ပြီး (ဝဲပုံ) အဆိုပါရေဘေးသင့် ပြည်သူများကို နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေညောင်၊ ရပ်စောက်ကားလမ်း မိုင်တိုင်အမှတ် ၁၀ မိုင် ၆ ဖာလုံနှင့် ၁၁ မိုင်ကြားရှိ ဆင်တဲချောင်းမှ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့်နေရာများသို့ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်အချို့ ရေကြီးရေလျှံမှုဖြစ်ပေါ်

**တာချီလိတ် ဩဂုတ် ၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ ဩဂုတ် ၇ ရက်ညနေပိုင်းနှင့် ဩဂုတ် ၈ ရက် နံနက်ပိုင်းအကူးတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် တောင်ကျရေကြောင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ်နှင့် မြေနိမ့်ရပ်ကွက်အချို့တွင် ယနေ့ နံနက် ၁၁ နာရီခန့်အထိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ပုန်းထွန်ရပ်ကွက်၊ လွယ်တော်ခမ်းကျေးရွာ ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး လမ်းဘေးဝဲယာရှိ မြေသားများမှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူသွားလမ်းပေါ်သို့ ပြိုကျလာကာ သွားလာရခက်ခဲလျက်ရှိကြောင်း သိရသဖြင့် နယ်မြေခံတပ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းမင်းထွန်း ဦးဆောင်သော တပ်မတော်သားများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင် ဦးဆောင်သော ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များက စက်ယန္တရားများ အကူအညီဖြင့် အချိန်မီ သွားရောက်ဖယ်ရှားပေးခဲ့သဖြင့် ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

တာချီလိတ် မြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်လာသည့်အခါ အရေးပေါ်ရွှေ့ပြောင်းကယ်ဆယ်နိုင်ရေးအတွက် အသက်ကယ်လှေများ၊ ပစ္စည်းများ ရွှေ့ပြောင်းရန်အတွက် ပရဟိတအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အရန်သင့် စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# သံသရာခရီးသွား အမှားမလုပ်မိစေနှင့်

ဘကြီးကောင်း

မောင်မြင့်အေးရေ ...

"မိုက်မဲသည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက် ကျူးလွန်ခဲ့သောပြစ်မှုများကို သည်းခံတော်မူပါ ဘုရား။ နောက်နောင်အခါ ရှောင်ကြဉ်ပါတော့မည်ဘုရား" ဆိုတဲ့ အဇာတသတ်မင်းကြီးက ဖခင် ဗိမ္ဗိသာရမင်းကြီးကို ကျူးလွန်မိခဲ့တဲ့ ပြစ်မှုကြီးအပေါ် နောင်တရပြီး မြတ်စွာဘုရားရှင်ကို ဝန်ချတောင်းပန်ခဲ့တဲ့ စကားလုံး အသုံးအနှုန်းကလေးက တို့ပုထုဇဉ်လူသားတွေအတွက် အမြဲအမှတ်ရ သတိပြုဆင်ခြင်စရာ တစ်ခုပါပဲ။

သံသရာခရီးသွား ပုထုဇဉ်လူသားတွေအဖို့ကတော့ မိုက်မဲသည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက် ရံဖန်ရံခါ အမှားတွေ ကျူးလွန်မိတတ်ကြတယ်။ သို့ပေမယ့် အများစုကတော့ မကောင်းမှုကို မကောင်းမှုမှန်း မသိမမြင်ကြတော့ အဇာတသတ်မင်းကြီးလို တောင်းပန်လျှောက်ထား နောက်နောင်ရှောင်ကြဉ်ဖို့ နေနေသာသာ ကိုယ်ကျူးလွန်ခဲ့တဲ့အပြစ်ကို အမှားကိုအမှန်အဖြစ် ဖုံးကွယ်လှည့်စားပြီး ရှေ့ကိုတိုးမိုက်မိကြပြန်တယ်။

ကိုယ်ပြုလုပ်ခဲ့တဲ့ မကောင်းကျိုးတွေဟာ ကိုယ့်အပေါ်အကျိုးပေးချိန်ရောက်တော့မှ နောင်တတွေရလာတတ်ကြတယ်။ ဒါကြောင့်မို့ ပညာရှိသူတော်ကောင်းများက သတ္တဝါအပေါ် သနားကရုဏာထားပြီး မကောင်းမှုတွေကို ရှောင်ကြဉ်စေဖို့၊ မလုပ်မိစေဖို့ အခါအားလျော်စွာ သတိပေးဆုံးမဟောပြောနေကြခြင်း ဖြစ်ပါတယ်။

## အဆိုးကို အကောင်းထင်ပြီး လူတွေဟာ လုပ်မိတတ်ကြ

ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသက "သံသရာ ခရီးသွားအမှားမလုပ်မိစေနှင့်" ခေါင်းစဉ်နဲ့ "သံသရာခရီးသွား ပုဂ္ဂိုလ်တိုင်းဟာ အမှားလုပ်မိတတ်ကြတယ်။ ဘာကြောင့် အမှားလုပ်မိကြသလဲဆိုရင် အမှန်ကို မသိခြင်းကြောင့်ပဲပေါ့။ အေး၊ 'လုပ်သင့်တာနဲ့ မလုပ်သင့်တာ'ကို မသိဘူး။ မသိသည့်အတွက်ကြောင့် မလုပ်သင့်တာကို လုပ်မိခြင်း၊ လုပ်သင့်တာကို မလုပ်မိခြင်းဆိုတာ အကြောင်းတစ်ခုပဲ။ မသိလို့ အဆိုးကို အကောင်းထင်ပြီး ရံဖန်ရံခါလူတွေဟာ လုပ်မိတတ်ကြတယ်။

မှားမှားယွင်းယွင်း တစ်ခုခုလုပ်မိသွားပြီဆိုရင် ခံရတဲ့အကျိုးဆက်ဟာ သက်သာလှတယ်လို့မရှိဘူး။ ဗုဒ္ဓမြတ်စွာရဲ့လက်ထက်တော်အခါမှာ ကြုံတွေ့ခဲ့ရတဲ့ ပုဂ္ဂိုလ်တွေရဲ့ အခြေအနေကို ဆင်ခြင်သုံးသပ်ပြီး ကိုယ့်ကိုယ်ကိုယ် သတိပေးနိုင်ဖို့ပါ။

ကောင်းတဲ့အလုပ်၊ မကောင်းတဲ့အလုပ်၊ ကောင်းမှု၊ မကောင်းမှု ဒီနှစ်ခုကိုဘာနဲ့ စံပြုပြီး ခွဲခြားရတုန်းဆိုရင် မြတ်စွာဘုရားက 'လုပ်ပြီးတဲ့အခါမှာ ပူပန်နေရတဲ့အလုပ်'မျိုး။ လုပ်မိတာ မှားလေခြင်းလို့ စိတ်ပူပန်ရတဲ့အလုပ်မျိုးကို 'မကောင်းတဲ့အလုပ်'လို့ ခေါ်တယ်။ အလုပ်တစ်ခုကို လုပ်မိပြီးတဲ့နောက်မှာ ဘယ်အလုပ်ပဲဖြစ်ဖြစ် အကျိုးဆိုတာ ပေါ်လာတတ်တယ်။ ဆိုပါစို့၊ သရက်ပင်စိုက်ရင် သရက်သီးဆိုတာ သီးလာမှာပဲ။ သရက်သီးဟာ အကျိုးပေါ့နော်။ အေး၊ ကိုယ်လုပ်တဲ့အလုပ်တစ်ခု စိတ်ထဲကတွေးတာပဲဖြစ်စေ၊ နှုတ်က ထုတ်ဖော်ပြောတာပဲဖြစ်စေ၊ ကိုယ်ထိလက်ရောက် လုပ်တာပဲဖြစ်စေ ထိုလုပ်ရပ်ရဲ့ အကျိုးသက်ရောက်မှုက ပေါ်လာမှာပဲ။ အဲဒီလိုပေါ်လာတဲ့အခါ 'ရလာတဲ့ အကျိုးတရားကို ငိုငိုရီရီ ကြိတ်မှိတ်ပြီး ခံစားရမယ့်အလုပ်မျိုးဟာ မကောင်းတဲ့အလုပ်'တဲ့။ ဒီနှစ်ချက်နဲ့ မှတ်ရမယ်နော်။

မြတ်စွာဘုရားဒေသနာတော်နဲ့ ပြောမယ်ဆိုရင် 'န တံ ကမ္မံ ကတံ သာဓု' ဒီအလုပ်မျိုးဟာ မကောင်းဘူးတဲ့။ ဘယ်အလုပ်တုန်း၊ 'ယံ ကတွာ အနုတပ္ပတိ' လုပ်ပြီးတဲ့ နောက်မှာ ပူပန်နေရမယ့် အလုပ်မျိုး။ 'ယဿ အဿုမုခေါ ရောဒံ'။ အဿုမုခေါ – မျက်ရည်ရွှဲနေတဲ့ မျက်နှာနဲ့။ ရောဒံ – ဆိုတာ တငိုငိုတယိုယို၊ 'ဝိပါကံ ပဋိသေဝတိ' အဲဒီလုပ်ရပ်ရဲ့အကျိုးပေါ်လာပြီဆိုလို့ရှိရင် အကျိုးတရားကို ကြိတ်မှိတ်ပြီး ခံစားရတဲ့အလုပ်မျိုးဟာ မကောင်းတဲ့ လုပ်ရပ်ပဲတဲ့။ မြတ်စွာဘုရားက လူတိုင်းနားလည်အောင် မကောင်းမှုကို ဒီလိုရှင်းပြတာနော်။

ကောင်းမှုဆိုတာကျတော့ ပြောင်းပြန်မှတ်ရမယ်။ ' လုပ်မိတဲ့ ကိစ္စတစ်ခုဟာ ဘယ်တော့မှ ငါလုပ်မိတာမှားလေခြင်းလို့ နောင်တပူပန်မှုကို မဖြစ်စေဘူးဆိုရင် ကောင်းတဲ့ အလုပ်ကောင်းမှုပဲ'။

**❂ ကိုယ်ပြုလုပ်ခဲ့တဲ့ မကောင်းကျိုးတွေဟာ ကိုယ့်အပေါ် အကျိုးပေးချိန်ရောက်တော့မှ နောင်တတွေရလာတတ်ကြတယ်။ ဒါကြောင့်မို့ ပညာရှိသူတော်ကောင်းများက သတ္တဝါအပေါ် သနားကရုဏာထားပြီး မကောင်းမှုတွေကို ရှောင်ကြဉ်စေဖို့၊ မလုပ်မိစေဖို့ အခါအားလျော်စွာ သတိပေးဆုံးမဟောပြောနေကြခြင်းဖြစ်**

တစ်ခါ အကျိုးပေါ်လာလို့ရှိရင်လည်းပဲ 'ရရှိလာတဲ့ အကျိုးကို ဝမ်းမြောက်ဝမ်းသာ ပီတိသောမနဿနဲ့ ခံစားရပြီဆိုရင်လည်း ကောင်းတဲ့လုပ်ရပ်'လို့ ဒီလိုပြောတာ။ အဲဒီလိုကောင်းမှု၊ မကောင်းမှုကို ခွဲခြားသိရမယ်"စသည်ဖြင့် လွန်ခဲ့တဲ့ ၁၃ နှစ်၊ ၂၀၀၉ ခုနှစ်က ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ ပါမောက္ခချုပ်ဆရာတော်ကြီးက 'သံသရာခရီးသွား အမှားကို မလုပ်မိစေနဲ့' ဆိုတာ 'မကောင်းတဲ့အမှုတွေ မလုပ်မိစေနဲ့'လို့ ပြောလိုတာ။ အဲဒီအမှားကို လုပ်မိပြီဆိုလို့ရှိရင် ထိုအမှားကပုံဖော်ပေးလိုက်တဲ့၊ ထိုအမှားကဖြစ်ပေါ်စေတဲ့အကျိုးဟာ အင်မတန်မှ ဆိုးရွားတယ်ဆိုတာ ဝတ္ထုသာဓကနဲ့ကြည့်ရအောင်'လို့ မိန့်ကြားတော်မူပြီး အတိတ်က တစ်ခုသောဘဝမှာ ဆေးဆရာဖြစ်ခဲ့ပြီး ထိုက်သင့်တဲ့ ဆေးဖိုးဝါးခပေးရမှာ စိုးလို့ မျက်စိရောဂါသက်သာလာတာကို မသက်သာဘူးဆိုပြီး လိမ်လည်လှည့်ဖြားတဲ့ လူနာကို မျက်စိကန်းအောင် ဆေးခတ်ခဲ့မိလို့ ငရဲကျပြီး ဘဝအကြိမ်ကြိမ် မျက်စိကွယ်ခဲ့ရတဲ့အပြင် ယခုနောက်ဆုံးဘဝ ရဟန္တာဖြစ်တဲ့ဘဝမှာပါ မျက်စိကွယ်ခဲ့ရတဲ့ အရှင်စက္ခုပါလာမထေရ် ရဲ့ဘဝဇာတ်ကြောင်း။

တစ်ခုသောဘဝမှာ ချုံပုတ်ကြီးအတွင်း နိရောဓသမာပတ်ဝင်စားနေတဲ့ ပစ္စေကဗုဒ္ဓါကို ပထမ မသိလို့၊ နောက်တော့ အစဖျောက်မှပဲဆိုပြီး စေတနာဆိုးနဲ့ ချုံကိုမီးနဲ့တိုက်၊ ထင်းတွေပုံပြီး မီးဝိုင်းရှို့ခဲ့ကြလို့ မျက်မှောက်ဘဝမှာ မာဂဏ္ဍိမိဖုရားက မီးရှို့သတ်ခဲ့လို့ နန်းပြာသာဒ်ကြီးပါ မီးလောင်ပြီး အခြံအရံ ၅၀၀ နဲ့အတူ မီးလောင်သေဆုံးခဲ့ရတဲ့ ဥတေနမင်းကြီးရဲ့မိဖုရား သာမာဝတီရဲ့ဘဝဇာတ်ကြောင်း။

တစ်ခုသောဘဝမှာ သူဌေးသမီးဖြစ်စဉ် အနားမှာ ခိုင်းစရာလူမရှိတော့ ရင်းနှီးတဲ့ ရဟန္တာဘိက္ခုနီမကို ခိုင်းမိတဲ့အပြင် တစ်ခုသောဘဝမှာ ခါးလေးနည်းနည်းကုန်းနေတဲ့ ပစ္စေကဗုဒ္ဓါကို 'တို့ပစ္စေကဗုဒ္ဓါက ဟောလိုလေး ကွတာ'ဆိုပြီးတော့ ခါးလေးကုန်းပြီး ရယ်စရာလုပ်ပြခဲ့မိလို့ မျက်မှောက်ဘဝမှာ အလွန်ပညာထက်ခဲ့ပေမယ့်လည်း ခါးကုန်းပြီး ကျွန်မဖြစ်ခဲ့ရတဲ့ ခုဇ္ဇုတ္တရာရဲ့ဘဝဇာတ်ကြောင်း။

အတိတ်ဘဝက ဉာဏ်လေးတဲ့ ကိုယ်တော်ကို လှောင်ပြောင်ခဲ့တဲ့ မကောင်းမှုကြောင့် မျက်မှောက် ရဟန္တာဖြစ်မယ့်ဘဝမှာ ဂါထာလေးတစ်ပုဒ်ကို လေးလကျက်တာတောင်မရဖြစ်ခဲ့ရတဲ့ ရှင်စူဠပန္ထကရဲ့ ဘဝဇာတ်ကြောင်း။

တစ်ခုသောဘဝ ငှက်မုဆိုးဖြစ်စဉ်အခါမှာ ငှက်အရှင်တွေကို မပျံနိုင်အောင် ခြေထောက်တွေ၊ အတောင်ပံတွေချိုးထားခဲ့တဲ့ မကောင်းမှုဒုစရိုက်ကြောင့် မျက်မှောက် ရဟန္တာဖြစ်တဲ့ ဘဝမှာတောင် တစ်ကိုယ်လုံး အနာတွေပေါက်ပြီး ပုပ်ပွ၊ ပေါင်ကျိုးဖြစ်ခဲ့ရတဲ့ ရှင်ပူတိဂတ္တတိဿမထေရ်ရဲ့ ဘဝဇာတ်ကြောင်း။

## အထင်မှားအောင် လုပ်ရပ်တွေ အမျိုးမျိုးကျူးလွန်ခဲ့မှု

တစ်ခုသောဘဝ ကျောင်းထိုင်ဘုန်းကြီးဖြစ်စဉ်အခါမှာ အာဂန္တုရဟန္တာတစ်ပါးအပေါ် မနာလိုဝန်တိုစိတ်နဲ့ ကျောင်းဒကာအထင်မှားအောင် မှားယွင်းတဲ့ လုပ်ရပ်တွေ အမျိုးမျိုးကျူးလွန်ခဲ့မှုကြောင့် ရဟန္တာဖြစ်မယ့် မျက်မှောက်ဘဝမှာတောင် မစင်စားရတဲ့ ဘဝရောက်ခဲ့ရတဲ့ ဇမ္ဗုကရဲ့ဘဝဇာတ်ကြောင်း။

တစ်ခုသောဘဝမှာ ဇနီးသည်အမျိုးသမီးလုပ်သူက ရဟန္တာတစ်ပါးကို 'ကြည့်၊ ကိုယ်တော်ကြီးက ပြုံးတယ်၊ ဇာတ်သမားနဲ့တူတယ်'လို့ပြောလိုက်တာကို 'အေး၊ ဟုတ်မှာပေါ့ကွာ'လို့ ပြောလိုက်မိလို့ မျက်မှောက်ဘဝမှာ သူဌေးသားဖြစ်လျက်သားနဲ့ ကချေသည် ဇနီးနောက်လိုက်ရင်း ဇာတ်သမားဖြစ်သွားရတဲ့ ဥဂ္ဂသေနရဲ့ဘဝဇာတ်ကြောင်း။

တစ်ခုသောဘဝ ရွှေပန်းတိမ်သည်ဖြစ်စဉ်အခါက ဇနီးသည်နဲ့ စကားများစိတ်ဆိုးနေခိုက် သူတာဝန်ယူထားခဲ့တဲ့ ကဿပဘုရားရဲ့ စေတီတော်တည်ဆောက်ပြီးစီးရေးအတွက် လှူဒါန်းဖို့လာရောက်နှိုးဆော်တဲ့ ရဟန္တာတစ်ပါးကို 'ကိုယ်တော်တို့ ဘုရားကို ရေထဲသာမျှောပစ်လိုက်'လို့ ပြောခဲ့မိတဲ့အပြစ်ကြောင့် မျက်မှောက်ဘဝမှာ အလွန်ထင်ရှားတဲ့ သူဌေးကြီးမဖြစ်ခင် မွေးမွေးချင်း အိုးထဲထည့်ပြီး မြစ်ထဲမျှောခံခဲ့ရရှာတဲ့ ဗဒ္ဓိလသူဌေးကြီးရဲ့ ဘဝဇာတ်ကြောင်း။

တစ်ခုသောဘဝ နတ်သားဖြစ်စဉ်အခါမှာ အင်မတန်ရင်းနှီးပြီး အမြဲတမ်း ပူးတွဲ ပူးတွဲ သွားလာလေ့ရှိတဲ့ ရဟန်းတော်နှစ်ပါးကို စိတ်ဝမ်းကွဲအောင် တစ်ပါးသော ရဟန်းတစ်ပါးအနီးမှာ အမျိုးသမီးပုံရိပ်ယောင်ဖန်တီးပြပြီး တစ်ပါးနဲ့တစ်ပါးအချင်းများပြီး ကွဲသွားအောင်လုပ်ခဲ့တဲ့ မကောင်းမှုကြောင့် မျက်မှောက်ရဟန်းဘဝမှာ သွားလေရာ သူ့နောက်မှာ အမျိုးသမီးပုံရိပ်က ထင်ဟတ်ပေါ်နေပြီး ပရိသတ်ကြားမှာ အထင်မှားခံရ၊ လှောင်ပြောင်ခံရနဲ့ အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရတဲ့ ရှင်ကောဏ္ဍဓာနရဲ့ ဘဝဇာတ်ကြောင်း။

တစ်ခုသောဘဝမှာ ဘုရားကို ပန်းတင်တဲ့ခုံပေါ်ကို မရိုမသေ မလေးမစားလုပ်ပြီး ဖိနပ်စီးခဲ့လို့ မျက်မှောက်ဘဝမှာ ခြေဖဝါးကို ဓားနဲ့ခွဲခံရပြီး အသတ်ခံခဲ့ရတဲ့ ဗိမ္ဗိသာရမင်းကြီးနဲ့ တစ်ခုသောဘဝမှာ သူများကို အစားအစာနဲ့ပတ်သက်ပြီး ပိတ်ပင်ခဲ့လို့ မျက် မှောက်ဘဝမှာ ရဟန္တာဖြစ်သည့်တိုင်အောင် ငတ်ငတ်ပြတ်ပြတ်နဲ့ ဝအောင်မစားရဘဲ ပရိနိဗ္ဗာန်စံမယ့်နေ့မှ ဝအောင်စားလိုက်ရတဲ့ အရှင်လောကတိဿမထေရ်ရဲ့ ဘဝဇာတ်ကြောင်းတွေကို ဝတ္ထုသာဓကအဖြစ်ထုတ်ဆောင်ပြီး ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ ပါမောက္ခချုပ် ဆရာတော်ကြီးက မှားမှားယွင်းယွင်း တစ်ခုခုလုပ်ခဲ့မိလို့ခံရတဲ့ အကျိုးဆက်နဲ့ပတ်သက်ပြီး "ဒီနေရာမှာ တရားချစ်ခင်သူတော်စင် ပရိသတ်တို့ဟာ စဉ်းစားမိလိမ့်မယ်။ သူ့မျက်လုံးတစ်လုံးပဲ ကန်းအောင်လုပ်ခဲ့တာ၊ ကိုယ့်ကျတော့ ဘာကြောင့်အကြိမ်ကြိမ်ကန်းရတုန်းလို့၊ စေတနာစွမ်းအားတွေက နည်းတာ မဟုတ်ဘူး။ ဆိုပါစို့၊ သရက်စေ့လေးတစ်စေ့ကို စိုက်လိုက်တာ အပင်ဖြစ်လာတဲ့ အခါကျတော့ သရက်သီးက ထောင်သောင်းမကသီးတာ မဟုတ်လား။ အဲဒီမျိုးလိုပဲ ကိုယ့်လုပ်ရပ်ကလေးဟာ တစ်ခုပဲဖြစ်စေ စေတနာတွေက မြောက်မြားစွာ ဖြစ်သည့်အတွက်ကြောင့် စေတနာတစ်ခု အကျိုးတစ်ခုပေးတာ၊ စေတနာတစ်ခုကြောင့် ငရဲကျတယ်။ နောက်စေတနာတစ်ခုကြောင့် မျက်စိကွယ်ရတယ်ဆိုတော့ မျက်စိပေါင်း မြောက်မြားစွာ ကွယ်ရတယ်ဆိုတဲ့ အကျိုးခံစားရတာပေါ့။ အေး၊ ဒါကြောင့်မို့ သံသရာခရီးသွားနေတဲ့အချိန်မှာ အမှားမလုပ်မိစေဖို့ သတိထားကြရမယ်" လို့ သံသရာခရီးသွားတို့ ပုထုဇဉ် လူသားတွေ သတိသံဝေဂဉာဏ်ပွားများနိုင်ဖို့ ဟောကြားတော်မူခဲ့ပါတယ်။

ကျေးဇူးတော်ရှင်အဘိဓဇ စံကင်းဆရာတော်ဘုရားကြီးကလည်း ကံတရားနဲ့ ပတ်သက်ပြီး "တစ်ခါတစ်ခါစဉ်းစားကြည့်ရင် ကံတရားဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့လူတွေ တစ်ယောက်နဲ့တစ်ယောက် မတူအောင်စီမံထားတယ်။ တူတဲ့နေရာတူပေမယ့် မတူတဲ့ အရာတွေက အများကြီးရှိတယ်။ ဒါကြောင့် ဘုရားရှင်က 'ကမ္မံ သတ္တေ ဝိဘဇတိ'လို့ ဟောတော်မူတာပဲ။ မိမိကိုယ်ကို မကောင်းအောင် လုပ်တာဘယ်သူလဲ။ မိမိအလုပ်ကိစ္စ မိမိကံပဲ။ ဒါကြောင့် မကောင်းကျိုးကိုဖြစ်စေတတ်တဲ့ မိမိရဲ့ ကံညံ့ကံယုတ်များကိုသာ ကြောက်စရာလိုတယ်"လို့ ဆုံးမမိန့်ကြားတော်မူခဲ့ပါတယ်။

## ဘဝဇာတ်ကြောင်းက သံဝေဂယူစရာ

မောင်မြင့်အေးရေ ...

တစ်ခုသောဘဝမှာ အိမ်ကိုလာလည်တဲ့ ခင်ပွန်းရဲ့မိတ်ဆွေတွေကို ဧည့်ခံကျွေးမွေးဖို့ အမဲဟင်းလျာ ဝယ်မရတာနဲ့ အိမ်မှာမွေးထားတဲ့ သိုးမတစ်ကောင်ကို လည်ဖြတ်ပြီး ချက်ပြုတ်ကျွေးမွေးခဲ့တဲ့ မကောင်းမှုကြောင့် ငရဲကလွတ်တဲ့အခါမှာတောင် ဒီမကောင်းမှု ကံရဲ့အကျိုးဆက်ကြောင့် သိုးမရဲ့ အမွေးအရေအတွက်အတိုင်း ခေါင်းဖြတ်အသတ်ခံခဲ့ရတဲ့ မလ္လိကာမိဖုရားကြီးရဲ့ ဘဝဇာတ်ကြောင်းကလည်း သံဝေဂယူစရာပဲနော်။

ဒါကြောင့်မို့ သံသရာခရီးသွားတို့ ပုထုဇဉ်လူသားတွေအဖို့ မိုက်မဲသည့်အလျောက်၊ တွေဝေသည့်အလျောက်၊ မလိမ္မာသည့်အလျောက် မှားမှားယွင်းယွင်းမကောင်းတဲ့အလုပ်တွေကို ကိုယ်တိုင်လည်း မလုပ်မိကြစေဖို့၊ အလိုတူအလိုပါ၊ တိုက်တွန်းနှိုးဆော်စေခိုင်းခြင်းလည်း မပြုမိစေဖို့ သတိကြပ်ကြပ်ထားဖို့ လိုတယ်ကွယ့်။

"ဆိုးယုတ်စရိုက်၊ သူမိုက်ကျင့်ရာ၊ ကံဆယ်ဖြာတွင်၊ ပါဏာတိပါတ်၊ သက်သတ်အမှု၊ ကိုယ်လိုပြုနှင့်၊ ပြုဟုသူက၊ တိုက်တွန်းကြ၍၊ ပြုရသောသူ၊ လိုတူသောအား၊ မြစ်နိုင်ငြားလျက်၊ မတားမြစ်သူ၊ သုံးယောက်လူတွင် သတ်သူနိရယ၊ ငရဲကျ၏၊ သူက ခေါ်ရာ၊ ပါသူမှာမူ တိရစ္ဆာန်၊ ဖြစ်ထမှား၊ လိုတူအားဖြင့်၊ မတားမြစ်သူ၊ ထိုလူမှာတုံ၊ ပြိတ္တာဘုံဟု၊ အာဂုံဖွင့်လှစ်၊ ထူးအပြစ်ကို၊ စင်စစ်မှန်စွာ၊ ကျမ်းရိုးလာ၏" စသည်ဖြင့် "ပြုသူစေသူ၊ အလိုတူ၊ မှတ်ယူကံသုံးဆယ်" ဆိုပြီး မာဃဒေဝကျမ်းမှာလည်း ဖွဲ့ဆိုခဲ့တယ်မဟုတ်ပါလား။ ။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၆၀ | ၁၉၀၅ | ၁၉၀၀ | ၁၈၆၅ | ၁၉၀၅ | ၁၉၂၅ | ၁၉၁၀ | ၁၈၉၀ | ၁၉၈၅ | ၂၀၀၀ | ၁၈၉၅ | ၁၉၀၅ | ၁၉၄၀ | ၁၉၄၀ | ၁၉၄၅ | ၂၁၆၀ | ၂၇၂၀ |
| 95 Ron | ၁၉၂၀ | ၁၉၆၅ | ၁၉၆၅ | ၁၉၃၀ | ၁၉၆၅ | ၁၉၈၅ | ၁၉၇၅ | ၁၉၅၀ | ၂၀၄၅ | ၂၀၆၀ | ၁၉၅၅ | ၁၉၇၅ | ၂၀၀၀ | ၂၀၀၀ | ၂၀၀၅ | ၂၂၂၅ | ၂၇၈၅ |
| HSD (500 ppm) | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၆၅ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၅ | ၂၂၇၀ | ၂၂၆၅ | ၂၁၆၀ | ၂၁၇၀ | ၂၂၀၅ | ၂၂၀၅ | ၂၂၀၅ | ၂၄၂၅ | ၃၀၈၅ |
| HSD (50 ppm) | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၀ | ၂၄၉၀ | ၃၁၂၀ |
| HSD (10 ppm) | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၅၀ | ၂၂၂၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၀ | ၂၂၇၀ | ၂၄၉၀ | ၃၁၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၆၅ | ၁၈၃၄ |
| 95 Ron | ၁၈၂၄ | ၁၈၉၄ |
| HSD (500 ppm) | ၂၀၂၃ | ၂၀၉၃ |
| HSD (50 ppm) | ၂၀၈၃ | ၂၁၅၄ |
| HSD (10 ppm) | ၂၀၈၃ | ၂၁၅၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကယက်ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ခုနှစ်တွင်ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ(၆) ပုဒ်မခွဲ (င)အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံး၍ ချင်းပြည်နယ် မတူပီခရိုင် ပလက်ဝမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၉၈၈ ဧက ရှိသောနယ်မြေကို **“ကယက်ကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၁၉/၂၀၂၂) အရ ၁၃၈၄ ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက် (၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။



ကယက်ကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းပုံ။



ကယက်ကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းပုံ။

ကယက်ကြိုးပြင်ကာကွယ်တောဧရိယာသည် ဆမီးချောင်း၊ ဝါမောက်ချောင်း၊ ဝါမီချောင်းတို့၏ ရေဝေရေလဲဒေသကို ထိန်းသိမ်းရန်၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရန်၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရန်နှင့် မြေဆီလွှာထိန်းသိမ်းရန်ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

ကယက်ကြိုးပြင်ကာကွယ်တောအတွင်း ကညင်၊ စံကားဝါ၊ သစ်အယ်၊ ယင်းစပ်၊ ယင်းတိုက်၊ ဆီးဖြူ စသည့်သစ်မျိုးများ ပေါက်ရောက်နေပြီး ဝက်ဝံ၊ တောဆိတ်၊ တောင်ဆိတ်၊ တောဝက်၊ တောကြောင်၊ မျောက်၊ ဆတ်၊ ဂျီ၊ သင်းခွေချပ်၊ တောခွေး၊ ကြောင်ပျံ၊ တောကြက်၊ ရစ်၊ ဖြူ စသည့် တိရစ္ဆာန်များ၊ ငုံး၊ ခါ၊ ချိုး၊ ငှက်တော်၊ ကြက်တူရွေးစသောငှက်မျိုးများ၊ ဖွတ်၊ လိပ်၊ မြွေ စသော တွားသွားသတ္တဝါများ ကျက်စားရာဒေသဖြစ်သည့်အပြင် ကုလားတန်မြစ်၏ လက်တက်ဖြစ်သော ဆမီးချောင်း၊ ဝါမောက်ချောင်း၊ ဝါမီချောင်းတို့၏ ရေဝေရေလဲဧရိယာဖြစ်သဖြင့် သစ်တောသယံဇာတများကို စနစ်တကျထိန်းသိမ်းစီမံအုပ်ချုပ်ရန် လိုအပ်ခြင်းနှင့် တောင်ဘက်ပိုင်းတွင် ထူးခြားသည့် သဲကျောက်တောင်တန်းရှိခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၈** - နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ယူကရိန်းနိုင်ငံမှ ပြောင်းဆန်များတင်ဆောင်လာသော ကုန်တင်သင်္ဘော တူရကီနိုင်ငံ အနောက်ပိုင်းဆိပ်ကမ်းသို့ ပထမဆုံးဆိုက်ကပ်

**အန်ကာရာ ဩဂုတ် ၈**

တူရကီနှင့် ကုလသမဂ္ဂတို့ လွန်ခဲ့သောလက ကြားဝင်စေ့စပ်ပေးခဲ့သည့် သဘောတူညီချက်ပြီးနောက် ယူကရိန်းနိုင်ငံမှ ပြောင်းဆန်များ တင်ဆောင်လာသော သင်္ဘောတစ်စင်းသည် တူရကီနိုင်ငံ အနောက်ပိုင်း ဆိပ်ကမ်းသို့ ပထမဆုံး ဆိုက်ကပ်ရောက်ရှိလာခဲ့သည်။




တူရကီနိုင်ငံဆိုင်ရာ ယူကရိန်းသံအမတ်ကြီး ဗာဆိုင်းဘော့နာက အဆိုပါ ကုန်တင်သင်္ဘောသည် ပြောင်းဆန် တန် ၁၂၀၀၀ တင်ဆောင်ခဲ့ပြီး တူရကီနိုင်ငံကိုကဲလီဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိခဲ့ကြောင်း ဩဂုတ် ၇ ရက်က ကြေညာခဲ့သည်။

ရုရှားတပ်ဖွဲ့ဝင်များ ပင်လယ်နက်သို့ မျက်နှာမူထားသည့် ဆိပ်ကမ်းများကို ပိတ်ဆို့ပြီးနောက် ယူကရိန်းနိုင်ငံမှ လယ်ယာထွက်ကုန် တင်ပို့ခြင်းများ ကမောက်ကမ ဖြစ်ခဲ့သည်။

ဩဂုတ် ၁ ရက်ကတည်းက ယူကရိန်းနိုင်ငံမှ စုစုပေါင်း ကုန်တင်သင်္ဘော ၁၀ စင်းထွက်ခွာလာခဲ့သည်။ ယူကရိန်းလယ်ယာထွက်ကုန်တင်ပို့ခြင်းများ မကြာမီ အရှိန်အဟုန်မပျက် ပြန်လည်စီးဆင်းလာမည်လား ဆိုသည်ကို ဆက်လက် စောင့်ကြည့်ရမည်ဖြစ်သည်။

ယူကရိန်းမှထွက်ခွာလာသော ပထမဆုံးသင်္ဘောသည် ၎င်း၏ ခရီးဆုံး ပန်းတိုင်ဖြစ်သည့် လက်ဘနွန်သို့ မရောက်ရှိသေးကြောင်း သိရသည်။ ဆိပ်ကမ်းသို့ ဝင်ရောက်တော့မည် မည်သည့် သတိပေးမှုမှ မရရှိသေးကြောင်း လက်ဘနွန်အာဏာပိုင်များက ပြောသည်။ **အင်န်အိတ်ချ်ကေ**

# စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၃၅၄၁ ဦး စစ်ဆေးတွေ့ရှိ

**စင်ကာပူ ဩဂုတ် ၈**

စင်ကာပူနိုင်ငံ၌ ဩဂုတ် ၈ ရက်တွင် ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၃၅၄၁ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၇၆၃၁၁၆ ဦးအထိ ရှိလာပြီ ဖြစ်သည်။

အဆိုပါ ကူးစက်ခံရသူများ အနက် ၃၄၈ ဦးသည် ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ပြီး ၃၁၉၃ ဦးသည် အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိသည့် ၃၄၈ ဦးအနက် ၃၃၈ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ပြီး ၁၀ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်ကြောင်း သိရသည်။



အေအာရ်တီ နည်းဖြင့် စစ်ဆေးတွေ့ရှိသည့် ၃၁၉၃ ဦးအနက် ၃၀၈၆ ဦးသည် ပြည်တွင်းကူးစက်မှုဖြစ်ပြီး ၁၀၇ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်ကြောင်း သိရသည်။ စင်ကာပူနိုင်ငံ၌ လက်ရှိအချိန်အထိ ဆေးရုံတွင် ဆေးကုသမှုခံယူနေရသူ ၆၈၀ ရှိပြီး ၂၄ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရကြောင်း သိရသည်။

စင်ကာပူနိုင်ငံ၌ ဩဂုတ် ၈ ရက်တွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ နှစ်ဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၁၅၄၁ ဦးအထိ ရှိလာပြီ ဖြစ်သည်။ **ဆင်ဟွာ**

# တာလီဘန်အစိုးရက တောင်းရမ်းသူများကို အလုပ်အကိုင်နှင့် ပညာရေးများ ဖန်တီးပေးမည်

**ကဘူးလ် ဩဂုတ် ၈**

အာဖဂန်၌ လမ်းများပေါ်၌ တောင်းရမ်းစားသောက်ခြင်းကို ပိတ်ပင်တားဆီးသွားမည် ဖြစ်ကြောင်းနှင့် အလုပ်အကိုင်သို့မဟုတ် ပညာရေး ဖန်တီးပေးသွားမည်ဖြစ်ကြောင်း တာလီဘန်အစိုးရ ထိပ်တန်းခေါင်းဆောင်က အမိန့်ထုတ်ပြန်ခဲ့ကြောင်း နိုင်ငံပိုင် သတင်းအေဂျင်စီတစ်ခုဖြစ်သည့် ဘာ့ခ်တာသတင်းအေဂျင်စီတွင် ဩဂုတ် ၇ ရက်က ဖော်ပြခဲ့သည်။

ကဘူးလ်မြို့ လမ်းမများထက်က တောင်းရမ်းသူများကို စုဝေးပြီး ပြဿနာ၏ အဖြေကိုရှာရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များကို ထိပ်တန်းခေါင်းဆောင်ဟီဘာတူလာ အခွန်ဒ်ဇာဒါးက တိုက်တွန်း ပြောကြားလိုက်သည်။

တောင်းရမ်းသူများ အားလုံးကို စစ်တမ်းကောက်ယူသွားမည်ဖြစ်ပြီး နောက်ထပ်တစ်ကြိမ် လမ်းပေါ်ထွက် တောင်းရမ်းစားသောက်ပါက ၎င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်သူက တာဝန်ယူရမည်ဖြစ်ကြောင်း တာလီဘန်အဆင့်မြင့်ခေါင်းဆောင်က ပြောသည်။

ထို့ပြင် အစိုးရက အရွယ်ရောက် တောင်းရမ်းသူများကို ၎င်းတို့ ကျွမ်းကျင်သည့်အလုပ်များ ပေးအပ်သွားမည်ဖြစ်ပြီး အရွယ် မရောက်သေးသူများကို ကျောင်းတက်ရောက်စေမည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အတူ အလုပ်လုပ်ရန် အင်အားချည့်နဲ့နေသည့်တောင်းရမ်းသူများရှိပါက အစိုးရကလစဉ်ကြေး ထောက်ပံ့ပေးသွားမည် ဖြစ်သည်။

လူဦးရေ ၃၅ သန်းကျော်ရှိသည့်အနက် သန်း ၂၀ နီးပါး စားနပ်ရိက္ခာ ပြတ်တောက်မှုနှင့် ကြုံတွေ့နေရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) ၏ဖော်ပြချက်အရ သိရသည်။ **ဆင်ဟွာ**



# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၁၇၀၅ ဦးရှိ စစ်ဆေးတွေ့ရှိ

**ဟနွိုင်း ဩဂုတ် ၈**

ဗီယက်နမ်နိုင်ငံ၌ ဩဂုတ် ၈ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၇၀၅ ဦး စစ်ဆေးတွေ့ရှိပြီး ဩဂုတ် ၇ ရက်က တွေ့ရှိမှုထက် ၃၂၄ ဦး တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ထို့ကြောင့် ဗီယက်နမ်နိုင်ငံတွင် အဆိုပါရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၁၃၄၉၂၂၃ ဦးအထိ ရှိလာပြီ ဖြစ်သည်။

အဆိုပါ ထပ်မံကူးစက်ခံရသူများသည် ပြည်တွင်းကူးစက်မှုများဖြစ်ပြီး ဩဂုတ် ၈ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ မရှိကြောင်းနှင့် ဩဂုတ် ၈ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ပြင်းထန်သော အခြေအနေတွင်ရှိပြီး အသက်ရှူကိရိယာတပ်ဆင်ရန်လိုအပ်သူ ၇၈ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ လူနာ ၉၉၈၂၃၄၅ ဦး (ရောဂါကူးစက်ခံရမှု၏ စုစုပေါင်း ၈၈ ရာခိုင်နှုန်းနီးပါး) သည် ရောဂါကင်းစင်၍ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# အီရန်နိုင်ငံတောင်ပိုင်းတွင် မူးယစ်ဆေးစွဲနေသူတစ်ဦးက ဓားဖြင့် တိုက်ခိုက်မှုကြောင့် ၁၀ ဦးသေဆုံး

**တီဟီရန် ဩဂုတ် ၈**

အီရန်နိုင်ငံ တောင်ပိုင်း ကာမန်ပြည်နယ်တွင် လူမှုရေးပဋိပက္ခကြောင့် ဓားထိုးမှုဖြစ်ပွားရာ ၁၀ ဦးသေဆုံးကြောင်း နိုင်ငံပိုင်မီဒီယာတွင် ဩဂုတ် ၈ ရက်က ဖော်ပြထားသည်။

ယာ့ဆမ်ဂျန်မြို့တွင် လူမှုရေးပဋိပက္ခကြောင့် အာဖဂန်အမျိုးသားတစ်ဦးက လူ ၁၀ ဦးကို ထိုးသတ်ခဲ့ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဟူစိန်ရီဇိုင်၏ ပြောကြားချက်ကို IRNA နိုင်ငံပိုင်သတင်း အေဂျင်စီက ဖော်ပြသည်။ အဆိုပါအမျိုးသားကို ညနေပိုင်းတွင် ပြည်နယ်မှ ထွက်ခွာရန်ကြိုးပမ်းစဉ် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားရာတွင် သေဆုံးသူများမှာ အာဖဂန်နိုင်ငံသား ခြောက်ဦးနှင့် အီရန်နိုင်ငံသား လေးဦးတို့ဖြစ်ပြီး တစ်ဦးဒဏ်ရာရရှိကြောင်း ၎င်းက ပြောသည်။ သံသယရှိသူမှာ စိတ်ပိုင်းဆိုင်ရာမတည်မငြိမ်ဖြစ်ပြီး မူးယစ်ဆေးစွဲနေသူဖြစ်ကြောင်း နိုင်ငံပိုင် ရုပ်သံလွှင့်ဌာန IRIB က ပြောကြားသည်။ **အေအက်ဖ်ပီ**



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်ခံရသူ ၄၀၀၀ ကျော်လာခြင်းမှာ ငါးရက်ဆက်ရှိလာပြီဖြစ်

**မနီလာ ဩဂုတ် ၈**

ဖိလစ်ပိုင်နိုင်ငံ၌ ဩဂုတ် ၈ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၂၀၃ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃၈၀၈၁၅၆ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာ ၃၇၉၄၂ ဦး ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၃၀ ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၆၀၈၀၇ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဌာန (ဒီအိုအိတ်ချ်) က ပြောသည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်ခံရသူ ၄၀၀၀ ကျော်လာခြင်းမှာ ငါးရက်ဆက်ရှိလာပြီဖြစ်ကြောင်း အဆိုပါ ဌာနက ဆက်ပြောသည်။

**ဆင်ဟွာ**

## အစ္စရေးနှင့် ပါလက်စတိုင်းတို့ အပစ်အခတ်ရပ်စဲရေး သဘောတူ

ဂါဇာ ဩဂုတ် ၈

လက်နက်ကိုင် တိုက်ခိုက်မှုများ ဩဂုတ် ၅ ရက်ကတည်းက အပြန်အလှန် ဖြစ်ပွားသည့်အချိန်မှစ၍ ဒါဇင်နှင့်ချီသည့် ပြည်သူများသေဆုံးပြီးနောက် အစ္စရေးနှင့် ပါလက်စတိုင်းတို့ အပစ်အခတ်ရပ်စဲရေး သဘောတူကြောင်း သိရသည်။

အစ္စရေးနှင့် ဂါဇာအခြေစိုက် အစ္စလာမ့်စ်ဂျီဟတ်အဖွဲ့တို့ကြား အပစ်အခတ်ရပ်စဲရေးသည် အီဂျစ်ကြားဝင်ညှိနှိုင်းမှုကြောင့် ဩဂုတ် ၇ ရက် ည ၁၁ နာရီ ၃၀ မိနစ်တွင် အသက်ဝင်ခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုအတွင်း ကလေးငယ်များအပါအဝင် ပါလက်စတိုင်းလူမျိုး ၄၄ ဦးသေဆုံးပြီး ၃၆၀ ဒဏ်ရာရရှိကြောင်း ဂါဇာအာဏာပိုင်များက ပြောကြားသည်။ ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကို ပါလက်စတိုင်းစစ်တပ်က ဩဂုတ် ၇ ရက်တွင် အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်များဖြင့် တုံ့ပြန်ပစ်ခတ်ခဲ့သည်။

သို့သော် အပစ်အခတ်ရပ်စဲရေး အသက်ဝင်ပြီး မကြာမီတွင် နှစ်ဖက်စလုံးက ၎င်းတို့၏ တိုက်ခိုက်မှုများကို ရပ်တန့်ခဲ့ကြောင်း သိရသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဖမ်းဆီးခံထားရသော အစ္စလာမ့်စ်ဂျီဟတ် အဖွဲ့ဝင်များ လွှတ်မြောက်ရေးနှင့် ပတ်သက်ပြီး ညှိနှိုင်းဆောင်ရွက်ရန် အစ္စရေးက သဘောတူခဲ့ကြောင်း သိရသည်။ အစ္စလာမ့်စ်ဂျီဟတ်အဖွဲ့သည် ၎င်းတို့၏အဖွဲ့ဝင်များကို မလွှတ်ပေးပါက တိုက်ခိုက်မှုများ ပြန်လည်လုပ်ဆောင်မည်ဟု သတိပေးထားသည်။

အင်န်အိတ်ချ်ကေ



ဩဂုတ် ၇ ရက်က အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင်ဒေသရှိ လူနေအဆောက်အအုံ မီးလောင်နေသည်ကို တွေ့ရစဉ်။

## တရုတ်နိုင်ငံအနှံ့အပြားတွင် အပူလှိုင်းဖြစ်မှု ရှိနေသေးသည့်အတွက် လိမ္မော်ရောင်အဆင့် သတိပေးချက် ဆက်လက်ထုတ်ပြန်

ပေကျင်း ဩဂုတ် ၈

အပူချိန်မြင့်သော အပူလှိုင်းဖြစ်မှု တရုတ်နိုင်ငံ အနှံ့အပြားတွင် ဆက်လက် တည်ရှိနေသည့်အတွက် လိမ္မော်ရောင်အဆင့် အပူချိန်သတိပေးချက်ကို တရုတ်နိုင်ငံ အမျိုးသားမိုးလေဝသဌာနက ဩဂုတ် ၈ ရက်တွင် ဆက်လက်ထုတ်ပြန်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။



တရုတ်နိုင်ငံ၌ ပြင်းထန်သောအပူချိန်အောက်တွင် သွားလာလှုပ်ရှားနေကြသူများကို တွေ့ရစဉ်။

ဩဂုတ် ၈ ရက်တွင် နေ့အပူချိန်များသည် စီချွမ်း၊ ချုံကင်း၊ ရှီးအန်းရှီ၊ ရှန်ဒေါင်း၊ ဟီနန်၊ အန်ဟွေး၊ ကျန်းစု၊ ရှန်ဟိုင်း၊ ဟူဘေး၊ ကွေ့ကျိုး၊ ဟူနန်၊ ကျန်းရှီး၊ ရှီကျန်း၊ ဖူကျန်း၊ ကွမ်ရှီး၊ ကွမ်တုံနှင့် ရှီးကျန်းစသည့် ဒေသများတွင် အပူချိန် ၃၅ ဒီဂရီ ဆဲလ်စီးယပ်ကို ကျော်လွန်ဖွယ် ရှိကြောင်းနှင့် ရှီးအန်းရှီ၊ ဟူဘေးနှင့် ချုံကင်း စသည့် ဒေသများတွင် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်စ်ကို ကျော်လွန်ဖွယ်ရှိကြောင်း အမျိုးသားမိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

မြင့်မားသော အပူချိန်အတွင်း အပြင်ထွက်လှုပ်ရှားမှုများ ပြုလုပ်ခြင်းမှရှောင်ကြဉ်ရန် အဆိုပါဌာနက ပြည်သူများကို အကြံပြုထားသည်။ တရုတ်နိုင်ငံတွင် မိုးလေဝသ သတိပေးချက်စနစ်အတွက် အရောင်ဖြင့်ခွဲခြား သတ်မှတ်သည့် အဆင့်လေးဆင့်ရှိပြီး အနီရောင်သည် အပြင်းထန်ဆုံး သတိပေးချက်ကို ကိုယ်စားပြုပြီး ၎င်းနောက်တွင် လိမ္မော်ရောင်၊ အဝါရောင်နှင့် အပြာရောင်အဆင့် ဟူ၍ရှိကြောင်း သိရသည်။

ဆင်ဟွာ

## နှစ်ရက်ဆက် ပိုးမတွေ့ရှိကြောင်း အဖြေထွက်ပေါ်သည့်အတွက် အိမ်ဖြူတော်မှ ဘိုင်ဒင် ထွက်ခွာ

ဝါရှင်တန် ဩဂုတ် ၈

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ကိုဗစ်-၁၉ ပိုး ရှိ မရှိ စမ်းသပ်စစ်ဆေးရာ နှစ်ရက်ဆက် ပိုးမတွေ့ရှိကြောင်း အဖြေထွက်ပေါ်သည့်အတွက် ၁၈ ရက်အတွင်း ပထမဆုံးအကြိမ်အဖြစ် အိမ်ဖြူတော်မှ ဒယ်လားဝဲလ်ပြည်နယ် ရေ့ဘုတ်ကမ်းခြေသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

၎င်းသည် ဒယ်လားဝဲလ်ပြည်နယ်သို့ အပန်းဖြေခရီး မထွက်ခွာမီ သတင်းထောက်များအား ၎င်းအနေဖြင့် ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ပြောကြားသည်။ ဘိုင်ဒင်သည် ဇူလိုင် ၂၁ ရက်က ကိုဗစ်-၁၉ ရောဂါ ပထမဆုံးအကြိမ် ကူးစက်ခံခဲ့ရပြီး ဇူလိုင် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ရောဂါပိုးကင်းစင်ကြောင်း အဖြေထွက်ပေါ်ထားသည်။ သို့သော်လည်း ဇူလိုင် ၃၀ ရက်က နောက်ဆုံးအကြိမ် ရောဂါပိုး ရှိ မရှိ စမ်းသပ်စစ်ဆေးရာ ပိုးတွေ့ရှိကြောင်း အဖြေထွက်ပေါ်ခဲ့သည့်အတွက် ပြန်လည်သီးသန့်ခွဲခြားနေထိုင်ခဲ့ရပြီး သမ္မတတာဝန်များကို ထမ်းဆောင်ခဲ့ရကြောင်း သိရသည်။ အင်န်အိတ်ချ်ကေ



## ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး သေဆုံးခဲ့သည်မှာ တစ်လပြည့်ပြီဖြစ်

တိုကျို ဩဂုတ် ၈

ဂျပန်နိုင်ငံအနောက်ပိုင်း နာရာမြို့တွင် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေး မိန့်ခွန်းပြောကြားစဉ် ပစ်ခတ်ခံရမှုကြောင့် ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး သေဆုံးခဲ့ရသည်မှာ ဩဂုတ် ၈ ရက်တွင် တစ်လပြည့် အထိမ်းအမှတ်ဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာတွင် သိမ်းဆည်းရမိသည့် လက်လုပ်သေနတ်နှင့် သံသယရှိသူသေနတ်သမား၏ နေအိမ်မှတွေ့ရှိသည့် သေနတ်များကို စစ်ဆေးမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း စုံစမ်းရေးသတင်း အရင်းအမြစ်များက ရဲတပ်ဖွဲ့ကို ပြောကြားသည်။ အခင်းဖြစ်ပွားရာနေရာတွင် နာရာမြို့ရှိ အလုပ်လက်မဲ့တစ်ဦးဖြစ်သူ အသက် ၄၁ နှစ်အရွယ်ရှိ ရာမာဂါမီ တက်ဆုရ ကို ရဲတပ်ဖွဲ့က ဖမ်းဆီးထားကြောင်း သိရသည်။

သံသယရှိသူအား လက်ရှိတွင် ရာဇဝတ်မှုကျူးလွန်နိုင်သည် ဆိုသည်ကို ဖော်ထုတ်နိုင်ရန် စိတ်ရောဂါဆိုင်ရာ အကဲဖြတ်မှုများ ပြုလုပ်နေသည်။ အခင်းဖြစ်ပွားရာနေရာတွင် လက်လုပ်သေနတ်တစ်ခုကို သိမ်းဆည်းခဲ့ကြောင်း၊ ထို့ပြင် သံသယရှိသူ၏နေအိမ်မှ လက်လုပ် သေနတ် ငါးလက် ထက်မနည်း သိမ်းဆည်းရမိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အင်န်အိတ်ချ်ကေ

## ချဒ်အစိုးရနှင့် အတိုက်အခံများအကြား ငြိမ်းချမ်းရေးဆွေးနွေးရန် သဘောတူလက်မှတ်ရေးထိုး

ဒိုဟာ ဩဂုတ် ၈

ချဒ်တပ်မတော် ခေါင်းဆောင် မိုဟာမက် အီဒရစ် ဒယ်ဘီအစ်နို က အတိုက်အခံ အဖွဲ့ ၄၀ ကျော်နှင့် အမျိုးသားငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ယခုလနှောင်းပိုင်းတွင် စတင်နိုင်ရေး သဘောတူညီချက်တစ်ရပ်ကို ဩဂုတ် ၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

အသက် ၃၈ နှစ်အရွယ် စစ်ဗိုလ်ချုပ်ကြီး မိုဟာမက် အီဒရစ် ဒယ်ဘီ အစ်နိုနှင့် အတိုက်အခံ ကိုယ်စားလှယ်များအကြား ကာတာနိုင်ငံမှ ကြားဝင်စေ့စပ်ညှိနှိုင်းမှု ငါးလကြာပြီးနောက် ငြိမ်းချမ်းရေးဆွေးနွေးရန် သဘောတူညီချက် လက်မှတ်ရေးထိုးပွဲကို ဒိုဟာ၌ ကျင်းပနိုင်ခဲ့သည်။



အဆိုပါ အထင်ကရငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ချဒ်နိုင်ငံမြို့တော် အန်ဂျမေနာ၌ ဩဂုတ် ၂၀ ရက်တွင် စတင်မည်ဖြစ်သည်။

ချဒ်နိုင်ငံ အနေဖြင့် နှစ်ပေါင်းများစွာကြာအောင် အမြစ်တွယ်လာခဲ့သည့် ဒုက္ခများနှင့် ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းရေးဖြင့် အစားထိုးဖော်ဆောင် နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း ကာတာနိုင်ငံခြားရေးဝန်ကြီး ရှိတ်မိုဟာမက် ဘင် အက်ဘ်ဒူရာမန် ဘင်ဂျက်ဆင် အယ်လ် တာနီ ကဆိုသည်။

ကာတာ၏ ကြားဝင်စေ့စပ်ညှိနှိုင်းဆောင်ရွက်မှု အပြီးတွင် အတိုက်အခံ ၄၇ ဖွဲ့အနက် ၄၂ ဖွဲ့က အမျိုးသားအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ရန် သဘောတူ လက်မှတ်ရေးထိုးခဲ့သည်။

အေအက်ဖ်ပီ

မြန်မာ့အလင်း



# မိတ္ထီလာမြို့နယ်ရှိ လူမှုဖူလုံရေးအကျိုးခံစားခွင့်ရရှိသူ ၁၁၈၃ ဦးအတွက် ငွေကျပ် ၁၄၈၉ သိန်းကျော် ထုတ်ပေးနိုင်ခဲ့

**မိတ္ထီလာ ဩဂုတ် ၈**

မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးရုံးမှ ဇန်နဝါရီလမှ ဇူလိုင်လအထိ လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်၊ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့် အာမခံစနစ်များမှ လူမှုဖူလုံရေးအကျိုးခံစားခွင့်ရရှိသူ ၁၁၈၃ ဦးအတွက် ငွေကျပ် ၁၄၈၉ သိန်းကျော်ကို ထုတ်ပေးနိုင်ခဲ့ကြောင်း မြို့နယ်လူမှုဖူလုံရေးရုံးမှ သိရသည်။




လူမှုဖူလုံရေးစီမံကိန်းကို တစ်မျိုးသားလုံး အကျုံးဝင်သည့် စီမံကိန်းဖြစ်စေရန် မျှော်မှန်းချက်ဖြင့် လူ့အဖွဲ့အစည်းရှိ လူတိုင်း လူမှုဘဝလုံခြုံရေး၊ လူတိုင်းဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရေး၊ မမျှတမှုနှင့် ဆင်းရဲနွမ်းပါးမှုများကို ကာကွယ်လျှော့ချရန်နှင့် ပုံမှန်ဝင်ငွေရရှိစေရန် အမျိုးသားလူမှုဖူလုံရေးစနစ် ထူထောင်ပြီး ဆောင်ရွက်လျက်ရှိရာ လူမှုဖူလုံရေးစနစ်သည် မိမိတို့လုပ်ခလစာမှ အနည်းငယ် စုပေါင်းထည့်ဝင်ခြင်းဖြင့် မိမိတို့ကို လူမှုဒုက္ခတို့မှ ကာကွယ်မှုပေးပြီး အခြားလူမှုဒုက္ခအခက်အခဲကြုံတွေ့နေရသည့်သူများကိုလည်း ဆေးဝါးကုသမှုအခွင့်အရေးနှင့် ငွေကြေးအကျိုးခံစားခွင့်တို့ရရှိစေရန် ဥပဒေနှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူမှုဖူလုံရေးအာမခံစနစ် ခြောက်မျိုးရှိသည့်အနက် လက်ရှိမှာ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံနစ်၊ မိသားစုထောက်ပံ့မှုအာမခံစနစ်၊ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံနစ်တို့ဖြစ်ပြီး ယင်းအာမခံစနစ်တို့အတွက် အကျိုးခံစားခွင့်များပေးနိုင်ရန် ထည့်ဝင်ကြေးများ ပေးဆောင်ရသည်။ ယင်းထည့်ဝင်ကြေးများ ပေးဆောင်ရာတွင် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်အတွက် အလုပ်ရှင်မှ လုပ်ခလစာ၏ နှစ်ရာခိုင်နှုန်းနှင့် အလုပ်သမားဝန်ထမ်းမှ လုပ်ခလစာ၏ နှစ်ရာခိုင်နှုန်းကို ပေးဆောင်ရသည်။ ၎င်းအပြင် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်အတွက် အလုပ်ရှင်မှ တစ်ရာခိုင်နှုန်းသာ ပေးဆောင်ရပြီး အလုပ်သမားက ပေးဆောင်ရခြင်း မရှိကြောင်းနှင့် မိသားစုထောက်ပံ့မှုအာမခံစနစ်အတွက်လည်း ထည့်ဝင်ကြေးများ ပေးဆောင်ရခြင်းမရှိကြောင်း သိရသည်။ အဆိုပါ အာမခံစနစ်သုံးမျိုးအတွက် စုစုပေါင်း အလုပ်သမားလစာ၏ ငါးရာခိုင်နှုန်းကို လူမှုဖူလုံရေး ထည့်ဝင်ကြေးအဖြစ် လစဉ်ပေးဆောင်ရကြောင်းနှင့် လူမှုဖူလုံရေးစနစ်တွင် ဆေးဝါးကုသမှုအခွင့်အရေးနှင့် ငွေကြေးအကျိုးခံစားခွင့်အဖြစ် အဓိကအကျိုးခံစားခွင့်နှစ်ရပ်ရှိကြောင်း ရုံးခွဲတာဝန်ခံ ဒေါ်အေးအေးစန်းထံမှ သိရသည်။

မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးရုံး၏ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ကျန်းမာရေးနှင့် လူမှုဖူလုံရေး စောင့်ရှောက်မှုအာမခံစနစ်၊ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်တို့တွင် လူမှုဖူလုံရေး အကျိုးခံစားခွင့်များအဖြစ် ထောက်ပံ့ငွေများ ထုတ်ပေးခဲ့ရာ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်တွင် ၁၁၆၆ ဦးအတွက် ငွေကျပ် ၁၃၅၄၈၁၅၁၅ ဒသမ ၈၁ ၊ အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့် အာမခံစနစ်တွင် ၁၇ ဦးအတွက် ငွေကျပ် ၁၃၄၄၈၄၁၀ တို့ကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကျောက်ပန်းတောင်းမြို့နယ်ရှိ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မည့်ကျေးရွာများသို့ ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ကျောက်ပန်းတောင်း ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ Cash For Work (CFW) စီမံကိန်းနှင့် မိုးနေကြာစိုက်ပျိုးသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းဝင်ကျေးရွာများကို ရန်ပုံငွေလွှဲအပ်ပွဲကို ဩဂုတ် ၈ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းလွင်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့ ကျေးရွာကော်မတီနှင့် ညှိနှိုင်းတိုင်ပင်၍ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လုပ်ဆောင်ကြရန်နှင့် ငွေကြေးလေလွင့်ဆုံးရှုံးမှု မရှိအောင် စာရင်းဇယားများ တိတိကျကျ ပြုလုပ်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ဆောင်ရွက်မည့် ကျေးရွာများ၊ Cash For Work ဖြင့် ဆောင်ရွက်မည့် ကျေးရွာနှင့် လုပ်ငန်းဆိုင်ရာများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ရှင်းလင်းပြောကြားသည်။



ယင်းနောက် မြစိမ်းရောင် (ဆီထွက်သီးနှံ)စီမံကိန်းဆောင်ရွက်မည့် သရက်တောကျေးရွာအတွက် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်မည့် ကျေးရွာ ၁၅ ရွာအတွက် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၀ နှင့် CFW စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ တို့ကို သက်ဆိုင်ရာတာဝန်ရှိသူများအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



# မြန်အောင်မြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**မြန်အောင် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၃)စက်မှုလယ်ယာစခန်း သင်တန်းခန်းမ၌ ယနေ့နံနက်ပိုင်းက (၁/၂၀၂၂) လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းဖွင့်ပွဲအခမ်းအနား ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းက အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်သန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ သင်တန်းသားများအား သင်ရိုးမှတ်စုစာအုပ်နှင့် ဝတ်စုံများကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ သင်တန်းသား ၃၀ တက်ရောက်၍ သင်တန်းကာလမှာ ၁၂ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးဖြိုးဝေထွန်းထံမှ သိရသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး၊ စက်ရုံမှူး ဦးဇော်လွင်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

**မြို့နယ် (ပြန်/ဆက်)**

# စမွတ်ကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းပြီးစီး

**ထန်းတပင် ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ စီမံကိန်းဝင်ကျေးရွာဖြစ်သော စမွတ်ကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၃၀၀၀ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ကို မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဩဂုတ် ၇ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၃၀၀၀ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာမီးလင်းရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး ရေရှည်တည်တံ့ခိုင်မြဲရေး သက်ဆိုင်ရာအားလုံးမှ ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

အဆိုပါ ဓာတ်အားလိုင်းသွယ်တန်းခြင်းကို မြစိမ်းရောင်အတိုးရရှိငွေကျပ်သိန်း ၂၂၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၂၀ သုံးစွဲပြီး ၂၀၂၂ ခုနှစ် ဇွန် ၁ ရက်မှစတင်ပြီး ကျေးရွာပြည်သူလူထုကိုယ်တိုင်ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ကျေးရွာရှိ အိမ်ခြေ ၁၇၀၊ လူဦးရေ ၅၀၀ မှာ လျှပ်စစ်မီးကို ၂၄ နာရီအသုံးပြုလျက်ရှိပြီ ဖြစ်ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**



# ဇလွန်မြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေကျပ်သိန်းသုံးသောင်းကျော် ထုတ်ချေးပေးပြီးဖြစ်

**ဇလွန် ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၀ ရက်မှ စတင်ထုတ်ချေးပေးခဲ့ရာ ယနေ့အထိ ချေးငွေကျပ် ၃၀၉၂၂၅၀၀၀၀ ကိုထုတ်ချေးပေးနိုင်ခဲ့သည်။

ဇလွန်မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးခဲ့ရာတွင် ကျေးရွာအုပ်စု ၅၄ စု၊ စိုက်ပျိုးဧက ၂၀၆၁၅၊ တောင်သူ ၃၀၈၅ ဦးတို့အား ချေးငွေကျပ် ၃၀၉၂၂၅၀၀၀၀ ကိုသက်သာသည့် အတိုးနှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခဲ့ပြီး ကျန်ရှိနေသည့် ကျေးရွာအုပ်စုများမှ တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမန်နေဂျာ ဒေါ်မြင့်မြင့်ရီထံမှ သိရသည်။

**ဝေယံ (ပြန်/ဆက်)**

# ဩဂုတ် ၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၄ ရာခိုင်နှုန်းရှိ

**(၈-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆,၃၀၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၈၂,၄၁၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၂၁၃) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၀၁၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၈–၈–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၄) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၈၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၆၄) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၆၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၆၆၃) ခု | (၈) ဦး |
| **စုစုပေါင်း** | (၆,၃၀၄) ခု | (၁၅) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများ၊ ကျောင်းနေပြင်ပ ကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်း ရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## စခန်းကြီးကျေးရွာအုပ်စုတွင် တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကွင်းဆင်းထိုးနှံပေး

**လှည်းကူး ဩဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်စေရန်နှင့် ရောဂါကူးစက်ပြန့်ပွားမှုကို လျော့နည်းစေရန်ရည်ရွယ်၍ အသက် ၁၅ နှစ်မှ အသက် ၁၈ နှစ်နှင့် အထက် ဒေသနေပြည်သူများ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအပိုထပ်ဆောင်း ထိုးနှံပေးခြင်း နှင့် တစ်ကြိမ်တစ်ခါမျှ ကာကွယ်ဆေးမထိုးရသေးသော ပြည်သူများအား ကိုဗစ် –၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက စခန်းကြီးကျေးရွာအုပ်စုတွင် တာဝန်ရှိသူများက ကွင်းဆင်း ထိုးနှံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများနှင့် ကျေးရွာအုပ်စုတာဝန်ရှိသူများက ကာကွယ်ဆေးထိုးရန် လာရောက်သည့် ပြည်သူများအား စာရင်းသွင်းပေးခြင်းနှင့် မှတ်တမ်းကောက်ယူခြင်း တို့ကိုပူးပေါင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျန်းမာရေးဝန်ထမ်းများက အသက် ၁၅ နှစ်မှ ၁၈ နှစ်နှင့် အထက်ဒေသနေပြည်သူများ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် ၅၃၀ တို့ကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာများသို့ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အေးအေးနွဲ့(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၈**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများ အတွင်းရှိပြည်သူများ၊ အသက်(၅) နှစ်မှ (၁၂)နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည် အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၁၆၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၁၀၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၂၀၄ ဦး၊ မန္တလေး တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၂၀၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၂၀၇ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်း ဒေသကြီးအတွင်း ရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၇၀၁၀ **(အောက်ပုံ)**၊ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၃၆၃ ဦးကို တပ်မတော်မှ ဆေးအဖွဲ့များ က ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သဘာဝတောတောင် နေရာအချို့ကို တွေ့ရစဉ်။

**ယခုအခါတွင် ကျားသတ္တဝါများကို တွေ့မြင်ရသောနိုင်ငံပေါင်း ၁၃ နိုင်ငံမျှသာ ကျန်ရှိတော့ရာ ယင်းနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်နေသည်။ ကမ္ဘာတစ်ခွင်၌ ကျားမျိုးစိတ်ပေါင်း ရှစ်မျိုးရှိသော်လည်း မြန်မာနိုင်ငံတွင်မူ အင်ဒိုချိုင်းနားကျားနှင့် ဘင်္ဂလားကျား မျိုးစိတ်နှစ်မျိုးသာ တွေ့ရှိရသည်**

# ရိုးရာဂမ္ဘီရ ပါးစပ်ရာဇဝင်များဖြင့်

# ထင်ရှားသော ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော

သိန်းညွန့်(PZL)

ချင်းတွင်းမြစ် မြစ်ဖျားခံရာ ရေဝေရေလဲဒေသ၊ အမြဲစိမ်းတော၊ ရွက်ပြတ်ရောနှောတောများနှင့် တောရိုင်းတိရစ္ဆာန်မျိုးစုံ ရှင်သန်ပေါက်ပွားကျက်စားရာဘေးမဲ့တောကို ဖော်ညွှန်းပြပါဆိုလျှင် “ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော” ကိုပင် ညွှန်ပြရပါလိမ့်မည်။

“ထမံကျား” ဟူသော ရှေးသက်ကြီးစကားများမှတစ်ဆင့် အခြေခံကာ ရိုးရာဂမ္ဘီရ ပါးစပ်ရာဇဝင်တို့ဖြင့် ထင်ရှားခဲ့သော “ထမံသီကျေးရွာ” ကို အမှီပြုကာ “ထမံသီ” ဒေသအဖြစ် လူသိများလာခဲ့ခြင်း ဖြစ်သည်။

## သမိုင်းကြောင်းက စိတ်ဝင်စားဖွယ်ရာဖြစ်

၁၉၇၄ ခုနှစ် မေ ၁ ရက်မှ အစပြု၍ “သားငှက်တိရစ္ဆာန်ဘေးမဲ့တော” အဖြစ် ဖွဲ့စည်းခဲ့ကာ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် အာဆီယံ အမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသော “ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော”၏ သမိုင်းကြောင်းကလည်း စိတ်ဝင်စားဖွယ်ရာ အတိ ဖြစ်ပေသည်။

ဤဘေးမဲ့တောဒေသသည် ၁၉၈၀ ပြည့်နှစ် မတိုင်မီကာလက ဆုမတြားကြံ့များနှင့် အင်ဒီးယန်းဂျားဗားကြံ့များ အဓိက ကျက်စားခဲ့ရာနေရာများအဖြစ် တည်ရှိခဲ့သည်။

မကြာသေးမီက ပြုလုပ်ခဲ့သော သုတေသနပြုချက်များတွင် ကျား၊ ကျားသစ်နှင့် အင်းကျားတို့ကို အဆိုပါဘေးမဲ့တောအတွင်း တွေ့ရှိခဲ့ရကြောင်း ဖော်ပြထားသည်။

ကျား(သို့မဟုတ်)ကျားကြီး၏ ဦးခေါင်းပိုင်းနှင့် ခန္ဓာကိုယ်ပိုင်းသည် အရှည် ၁၇၀ မှ ၂၃၀ စင်တီမီတာအထိ ရှိကြသည်။ ကြောင်အမျိုးအစားသတ္တဝါမျိုးစိတ်များအနက် အရွယ်အစားအကြီးဆုံးဖြစ်ပြီး အောက်ခံညိုဝါရောင်ပေါ်တွင် အနက်ရောင်အစင်းကျားများ ထင်ရှားစွာတွေ့ရှိရသည်။ လွန်စွာသန်မာထွားကြိုင်းကာ ပါး၊ လည်မျိုနှင့် ရင်ဘတ်နေရာများ၌ အဖြူရောင်အမွေး ရှိကြသည်။ ၎င်းတို့၏ ထူးခြား ချက်မှာ ရေကူးကျွမ်းကျင်ကြောင်း သိရသည်။

ယခုအခါတွင် ကျားသတ္တဝါများကို တွေ့မြင်ရသောနိုင်ငံပေါင်း ၁၃ နိုင်ငံမျှသာ ကျန်ရှိတော့ရာ ယင်းနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်နေသည်။ ကမ္ဘာတစ်ခွင်၌ ကျားမျိုးစိတ်ပေါင်း ရှစ်မျိုးရှိသော်လည်း မြန်မာနိုင်ငံတွင်မူ အင်ဒိုချိုင်းနားကျားနှင့် ဘင်္ဂလားကျားမျိုးစိတ်နှစ်မျိုးသာ တွေ့ရှိရသည်။

ထမံသီဘေးမဲ့တောတွင် ဘင်္ဂလားကျား တည်ရှိကျက်စားမှု မှတ်တမ်းများကို ကင်မရာထောင်ချောက်ဖြင့် မှတ်တမ်းတင်ထားနိုင်ကြောင်း သိရသည်။

## တောရိုင်းတိရစ္ဆာန်အစုံအလင်တွေ့ရှိ

ထို့ပြင် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ကျားသတ္တဝါအပြင် မလေးဝက်ဝံ၊ အာရှဆင်၊ ပြောင်၊ ဆတ်၊ တောဝက်၊ မျောက်လွှဲကျော်၊ တောဘဲမန်ဒါလီ၊ သင်းခွေချုပ် အပါအဝင် အခြားမျိုးသုဉ်းနိုင်ဖွယ်ရှိသော တောရိုင်းတိရစ္ဆာန်အမျိုးပေါင်းအစုံအလင်ကို တွေ့ရှိနိုင်ပေသည်။

အထူးသဖြင့် ကမ္ဘာ့ဒုတိယအရှားပါးဆုံးလိပ်ဖြစ်သော “မြန်မာ့တိုက်လိပ်” ကို တွေ့ရှိရကာ ယင်းသတ္တဝါကို ၂၀၀၂ ခုနှစ်က အဆိုပါဘေးမဲ့တောနှင့် ကပ်လျက်ရှိသော ချင်းတွင်းမြစ်အထက်ပိုင်း၌ တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ထမံသီဘေးမဲ့တောနယ်မြေ ၂၁၅၁ စတုရန်းကီလိုမီတာ ဧရိယာအတွင်း ကျေးရွာနှင့် လူနေထိုင်မှုမရှိခင်ကပင် ဘေးမဲ့တောထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုလျက်ရှိပေရာ တန်ဖိုးကြီး ကျွန်းသစ်အပါအဝင် ဝါး၊ သစ်ခွနှင့် ဆေးဖက်ဝင်အပင်များ ရှင်သန် ပေါက်ရောက်လျက်ရှိပေသည်။

## ရေရှည်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များအတွင်း ချင်းတွင်းနှင့် ဥရုမြစ် ရေဝေကြောနှစ်ခုအကြား ဖြစ်တည်နေသော ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ရိုးရာ ယုံကြည်မှုများအရ “လူမှကျား၊ ကျားမှလူ” သို့ ပြောင်းလဲဖန်ဆင်းနိုင်သည့် နောက်ခံပါးစပ်ရာဇဝင်နှင့်အတူ လူသားများနှင့် တောရိုင်းတိရစ္ဆာန်များအကြား၊ သဘာဝနှင့် လူသားများအကြား ဆက်နွှယ်နေသော ထူးခြားချက်များကပင် အဆိုပါဘေးမဲ့တောကို ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အထောက်အပံ့ပေးလျက်ရှိပါကြောင်း စေ့ငုဖော်ပြလိုက်ရပါသည်။

■



ထမံသီတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောအတွင်း ကျင်လည်ကျက်စားနေသော ကျားတစ်ကောင်ကို ကင်မရာ ထောင်ချောက်မှတစ်ဆင့် မြင်တွေ့ရစဉ်။

# ကမ္ဘာကြီးပူနွေးလာမှု၏ နောက်ဆက်တွဲဆိုးကျိုးများ

သီဟစည်သူ

**ရာသီဥတု** ဖောက်ပြန်ပြောင်းလဲမှုကြောင့် ကမ္ဘာတစ်ဝန်းစိန်ခေါ်မှုများစွာကို ရင်ဆိုင်နေကြရပါပြီ။ ကမ္ဘာကြီးပူနွေးလာမှုရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေဟာ အကြီးမားဆုံးစိန်ခေါ်မှုပါ။ ကမ္ဘာကြီးပူနွေးလာမှုနဲ့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတွေဟာ တိုက်ရိုက်ဆက်စပ်နေပြီးတော့ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရေခဲတောင်တွေအရည်ပျော်တာ၊ မိုးခေါင်တာ၊ ရေကြီးတာ၊ အပူလှိုင်းဖြတ်တာ၊ ဇီဝမျိုးစုံမျိုးကွဲတွေနဲ့ အပင်တွေရဲ့ နေရင်းဒေသတွေပျောက်ဆုံး၊ ပျက်စီးတာနဲ့ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာတာတွေ မကြာခဏဖြစ်ပေါ် ခံစားနေကြရပြီဖြစ်ပါတယ်။




ပြီးခဲ့တဲ့ ဧပြီလကစတင်ခဲ့တဲ့ စံချိန်တင် အပူလှိုင်းဖြတ်မှုကြောင့် အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံမှာ လူပေါင်း တစ်ဘီလီယံလောက် အပူဒဏ်ကို ခံစားနေရပါတယ်။ လွန်ခဲ့တဲ့ ၁၂၂ နှစ်အတွင်းမှာ အပြင်းထန်ဆုံး စံချိန်တင် အပူလှိုင်းရိုက်ခတ်မှုဖြစ်ပြီးတော့ ပျမ်းမျှ ၄၀ ဒီဂရီဆဲလ်စီးရပ်စ် ထက်ကျော်လွန်ရောက်ရှိခဲ့တယ်လို့ အိန္ဒိယနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒဌာနက ထုတ်ပြန်ထားပါတယ်။

ပြင်းထန်တဲ့အပူချိန်မြင့်တက်မှုတွေကြောင့် ရေခဲတောင်တွေ အရည်ပျော်ကျလာပြီး လူပေါင်း ခုနစ်သန်းလောက် ရေကြီးမှုဒဏ်ကိုလည်း ခံစားရနိုင်တယ်လို့ မိုးလေဝသပညာရှင်တွေက ကြိုတင်ဟောကိန်း ထုတ်ထားပါတယ်။

ပါကစ္စတန်နိုင်ငံမှာဆိုရင် မတ် ၁၅ ရက်က အပူချိန် ၄၉ ဒီဂရီဆဲလ်စီးရပ်စ် (၁၂၀ ဒသမ ၂ ဒီဂရီ ဖာရင်ဟိုက်) အထိ ရောက်ရှိခဲ့ပြီး ဧပြီလရဲ့ အမြင့်ဆုံး အပူချိန်ထက်တောင် စံချိန်တင်မြင့်တက်ခဲ့တယ်လို့ ဂါးဒီယန်သတင်းမှာ ဖော်ပြထားပါတယ်။ ဒီအပူချိန်ကြောင့် ပါကစ္စတန်နိုင်ငံ တာဘတ်မြို့က နဇာအာမက်က "ငရဲကျနေသလိုပါပဲ"လို့တောင် ပြောပါတယ်။

ဒီအပူဒဏ်ကို အန်တုဖို့အတွက် အဲကွန်းတွေ၊ ပန်ကာတွေ ဖွင့်ဖို့ နေနေသာသာ ကျောက်မီးသွေးလောင်စာ ပြတ်တောက်မှုကြောင့် တစ်ရက်မှာ လျှပ်စစ်မီး ၉ နာရီလောက်တောင်မရကြပါဘူး။ အပူလှိုင်းကြောင့် တချို့ပြည်နယ်တွေမှာ ကျောင်းတွေပိတ်လိုက်ရပြီး အပူဒဏ်ကြောင့် ကလေးတွေ နှာခေါင်းသွေးယိုတာတွေပါ ခံစားနေကြရပါတယ်။

အိန္ဒိယနိုင်ငံမှာ ရုပ်ကြွင်းလောင်စာအသုံးပြုမှုကြောင့် ကာဗွန်ထွက်ရှိမှုက နှစ်စဉ် ၂ ဒသမ ၅ မဂ္ဂါတန်လောက် ထွက်ရှိနေတာပါ။ အဓိက ကမ္ဘာကြီးပူနွေးလာရတဲ့ အကြောင်းရင်းတွေကလည်း ဒီလို ရုပ်ကြွင်းလောင်စာတွေ အသုံးပြုမှုက ကာဗွန်ထုတ်လုပ်မှု မြင့်မားတာတွေကြောင့် ဖြစ်ပေါ်လာရတာပါ။ လက်ရှိ အိန္ဒိယနိုင်ငံမှာ အသုံးပြုနေတဲ့ လျှပ်စစ်ဓာတ်အားရဲ့ ၇၀ ရာခိုင်နှုန်းဟာ ကျောက်မီးသွေးလောင်စာကို အသုံးပြုနေတဲ့အတွက် အစိမ်းရောင်းစွမ်းအင်စနစ်ကို သွားဖို့အတွက် ခြေလှမ်းတွေ အများကြီး နောက်ကျနေခဲ့တာပါ။

ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်(IPCC) ရဲ့ ဖေဖော်ဝါရီလ ထုတ်ပြန်ချက်အရ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတွေဟာ ကမ္ဘာကြီးတစ်ခုလုံးအတွက် အနီရောင်အဆင့်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ယခု လက်ရှိမှာ ကမ္ဘာ့အပူချိန် ၁ ဒသမ ၄ ဒီဂရီ ဆဲလ်စီးရပ်စ်ခန့်အထိ ရောက်ရှိနေပြီး လာမယ့် ဆယ်စုနှစ်တစ်ခုအတွင်းမှာ ၁ ဒသမ ၅ ထက် မကျော်အောင်၊ ဒါမှမဟုတ် ၂ ဒီဂရီဆဲလ်စီးရပ်စ်အောက် အတော်များများ လျော့နည်းအောင် ထိန်းထားနိုင်ဖို့လိုကြောင်း ဖော်ပြထားပါတယ်။

ကမ္ဘာကြီးပူနွေးလာမှုကို ထိန်းထားနိုင်ဖို့ဆိုရင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုအများဆုံးဖြစ်တဲ့ ရုပ်ကြွင်းလောင်စာ အသုံးပြုမှုကို ချက်ချင်းလျှော့ချပြီးတော့ နေရောင်ခြည်စွမ်းအင်နဲ့ လေအားလျှပ်စစ်တို့ကဲ့သို့ အစိမ်းရောင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေ ပိုမိုတိုးမြှင့်သုံးစွဲဖို့ လာမယ့် ဆယ်စုနှစ်နှစ်ခုအတွင်း မဖြစ်မနေ လုပ်ဆောင်မယ်ဆိုရင် ကမ္ဘာကြီးပူနွေးမှုနဲ့ ရာသီဥတုပြောင်းလဲမှုတွေကြောင့်ဖြစ်ပေါ်လာနိုင်တဲ့ ကပ်ဘေးတွေကို တတ်နိုင်သမျှရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်လို့ IPCC က အကြံပြုထားပါတယ်။

မြန်မာနိုင်ငံမှာလည်း မကြာခင်မှာ မိုးရာသီရောက်ရှိလာတော့မှာဖြစ်ပါတယ်။ နှစ်စဉ် မိုးရာသီကာလမှာ ရေကြီးနစ်မြုပ်မှုတွေနဲ့ မြေပြိုတာတွေကို ရင်ဆိုင်ရလေ့ရှိပါတယ်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးတာတွေအပြင် မြစ်ညာဘက်က ရေခဲတောင်တွေ အရည်ပျော်တာတွေကြောင့်လည်း မေလကစပြီး ထူးကဲမြစ်ရေကြီးမှုတွေ၊ ဒီရေတက်မှုတွေကြောင့် ဖြစ်လေ့ရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ၂၀၁၉ ခုနှစ်အတွင်း ရေကြီးမှုကြောင့် လူပေါင်း ၂၃၀၀၀၀ ကျော် ဘေးသင့်ခဲ့ပြီးတော့ ကျောင်းပေါင်း ၅၀၀ ကျော် ပိတ်ထားခဲ့ရဖူးပါတယ်။ ဒါ့အပြင် မွန်ပြည်နယ် ပေါင်မြို့နယ်မှာ မြေပြိုမှုကြောင့် လူ ၇၅ ဦး သေဆုံးခဲ့မှုတွေဖြစ်ပွားခဲ့ဖူးပါတယ်။ အခုအချိန်အထိလည်း နှစ်စဉ် မြစ်ကမ်းဘေးနဲ့ ပင်လယ်ကမ်းစပ်မှာ နေထိုင်ကြတဲ့ လူပေါင်း ၁၂၅၀၀၀ လောက်က ရေကြီးနစ်မြုပ်မှုအန္တရာယ်ကို စိုးရိမ်နေရဆဲဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရဲ့ အချက်အလက်တွေကို အခြေခံပြီး ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (OCHA) က ထုတ်ပြန်ထားပါတယ်။ ဒါတွေဟာ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုရဲ့ နောက်ဆက်တွဲအကျိုးဆက်တွေဆိုတာကို သတိချပ်ကြရတော့မှာဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ ရာသီဥတုပြောင်းလဲမှုကြောင့် ပြင်းထန်တဲ့ အကျိုးဆက်တွေကို မကြုံတွေ့မခံစားဖူးတဲ့ နိုင်ငံဟူ၍မရှိပါ။ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုဟာ ၁၉၉၀ ပြည့်နှစ်ကထက် ၅၀ ရာခိုင်နှုန်းခန့်ပို၍ မြင့်တက်နေပါတယ်။ ပင်လယ်ရေမျက်နှာပြင်များသည် ၁၈၈၀ ပြည့်နှစ်ကတည်းကပင် ၂၀ စင်တီမီတာ (၈ လက်မ) ခန့် မြင့်တက်လာခဲ့ပြီး ၂၁၀၀ ပြည့်နှစ်အရောက်မှာ နောက်ထပ် ၃၀မှ ၁၂၂ စင်တီမီတာ (၁ မှ ၄ ပေ) အထိ ခန့်မှန်းထားကြပါတယ်။ ရာသီဥတုနှင့်ဆက်စပ်နေတဲ့ ဘေးအန္တရာယ်တွေကြောင့် ကမ္ဘာတစ်ဝန်း နှစ်စဉ်ပျမ်းမျှ စီးပွားရေး ဆုံးရှုံးမှုများသည် ဒေါ်လာ ဘီလီယံ ရာချီအထိ ရှိနေသည်။ ၁၉၉၈ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် အကြားတွင် လူဦးရေ ၁ ဒသမ ၃ ဘီလီယံအထိ သေကျေပျက်စီးခဲ့ပြီး ၄ ဒသမ ၄ ဘီလီယံမှာ ဒဏ်ရာအနာတရဖြစ်ပွားခဲ့တယ်လို့ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့တွေက ထုတ်ပြန်ထားပါတယ်။

ထို့ကြောင့် ကုလသမဂ္ဂရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၁၃) အဖြစ် ၂၀၅၀ ပြည့်နှစ်မတိုင်မီ ကမ္ဘာကြီး၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးရပ်စ် ပူနွေးမှုကို ကန့်သတ်ရန်၊ ကမ္ဘာလုံးဆိုင်ရာ ကာဗွန်ဒိုင် အောက်ဆိုက် အသားတင်ထုတ်လွှတ်မှုများသည် ၂၀၁၀ နှင့် ၂၀၃၀ အကြား ၄၅ ရာခိုင်နှုန်းကျဆင်းရေး ၂၀၅၀ ပြည့်နှစ် ဝန်းကျင်ခန့်တွင် အသားတင်ထုတ်လွှတ်မှု သုညအထိ ရောက်ရှိရန်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေ ဖွံ့ဖြိုးရေးစတဲ့ ရာသီဥတုထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းစဉ်တွေကို မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်နေကြောင်း သိရပါတယ်။ ။




**ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (IPCC) ရဲ့ ဖေဖော်ဝါရီလ ထုတ်ပြန်ချက်အရ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတွေဟာ ကမ္ဘာကြီးတစ်ခုလုံးအတွက် အနီရောင်အဆင့်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ ယခု လက်ရှိမှာ ကမ္ဘာ့အပူချိန် ၁ ဒသမ ၄ ဒီဂရီ ဆဲလ်စီးရပ်စ်ခန့်အထိ ရောက်ရှိနေပြီး လာမယ့် ဆယ်စုနှစ်တစ်ခုအတွင်းမှာ ၁ ဒသမ ၅ ထက် မကျော်အောင်၊ ဒါမှမဟုတ် ၂ ဒီဂရီဆဲလ်စီးရပ်စ်အောက် အတော်များများ လျော့နည်းအောင် ထိန်းထားနိုင်ဖို့လိုကြောင်း ဖော်ပြထားပါတယ်**

# (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲမှ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရမြန်မာမသန်စွမ်းအားကစားအဖွဲ့အားကြိုဆို

**ရန်ကုန် ဩဂုတ် ၈**

အင်ဒိုနီးရှားနိုင်ငံ ဆိုလိုမြို့၌ ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရွှေ ၁၄ ခု၊ ငွေ ၁၂ ခု၊ ကြေး ၁၇ ခု၊ နိုင်ငံအလိုက်အဆင့်ခြောက် ရရှိခဲ့သည့် မြန်မာနိုင်ငံ ကိုယ်စားပြု အောင်ပွဲရ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမိုး ခေါင်းဆောင်သော အားကစားအဖွဲ့သည် ယနေ့နံနက် ၅ နာရီခွဲက မြန်မာအမျိုးသား လေကြောင်းလိုင်း စင်လုံးငှားလေယာဉ်ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ အားကစားသမားများနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**





ဗိုလ်မှူးချုပ်လှမိုး(ဥက္ကဋ္ဌ )



ဦးမျိုးမြင့်(ဒုတိယဥက္ကဋ္ဌ)

"ပြိုင်ပွဲမှာ အမျိုးအစားပေါင်း ၁၄ မျိုးရှိပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ခုနစ်မျိုးပဲ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ယှဉ်ပြိုင်တဲ့အင်အားက ၆၉ ဦးနဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။ ရွှေရတဲ့ ကစားသမားကို ဒေါ်လာ ၂၀၀၊ ငွေရတဲ့ ကစားသမားကို ဒေါ်လာ ၁၀၀၊ ကြေးရတဲ့ကစားသမားကို ဒေါ်လာ ၅၀၊ အဖွဲ့ချုပ်အနေနဲ့ ချီးမြှင့်ခဲ့ပါတယ်။ ဒါ့အပြင်နိုင်ငံတော်ဝန်ကြီးချုပ်က ရွှေရတဲ့ ကစားသမားကို ဒေါ်လာ ၁၀၀၀၊ ငွေရတဲ့ကစားသမားကို ဒေါ်လာ ၇၀၀၊ ကြေးရတဲ့ကစားသမားကို ဒေါ်လာ ၅၀၀ ချီးမြှင့်ခဲ့ပါတယ်"ဟု မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမိုးက ပြောသည်။

"ယခင်ပြိုင်ပွဲများထက် ယခုပြိုင်ပွဲက ပိုမိုအောင်မြင်မှုရလို့ ကျေနပ်ဝမ်းသာရပါတယ်။ ထိုင်လျက်ဘော်လီဘောက ယခင်ရွှေနှစ်ကြိမ်ရထားလို့ ယခုရွှေသုံးကြိမ်ရအောင် ကြိုးစားခဲ့ပေမယ့် နံပါတ်(၄)သာရရှိပါတယ်။ အားကစားသမား ဟောင်းများကိုဗစ်ကြောင့် လျော့နည်းပြီး လေ့ကျင့်မှုလည်း ကင်းကွာခဲ့ပါတယ်။ နောက်ပွဲတွေအတွက် လူငယ်/လူသစ် လဲလှယ်လေ့ကျင့်ပေးပါမယ်။ အားကစားနည်းများ ထပ်တိုးဖို့လည်း ရည်ရွယ်ထားပါတယ်။ အခုပြိုင်တာခုနစ်မျိုးပါ။ သေနတ်ပစ်၊ မျက်မမြင်ချက်စ်၊ ဗိုးချဲနဲ့ပြိုင်တဲ့ အားကစားနည်းများ ထပ်တိုးဖို့ရည်ရွယ်ထားပါတယ်။

အာဆီယံပြီးတော့ အာရှပြိုင်ပွဲရှိပါတယ်။ ၂၀၂၂ ကနေ ၂၀၂၃ ရွှေ့ထားပါတယ်။ တရုတ်မှာပါ။ အာရှအဆင့်က နိုင်ငံကြီးတွေများလို့ နည်းနည်းနဲ့ကျဲကျဲသွားမှာပါ။ မျိုးဆက်သစ် မသန်စွမ်းအားကစားသမားတွေ မွေးရမှာပါ။ ကာကွယ်ရေး၊ လူမှုဝန်ထမ်းဌာနတွေမှာ တက်ရှာရပါမယ်။

မသန်စွမ်း အားကစားကို နိုင်ငံတော်က များစွာအားပေးချီးမြှောက်နေပါတယ်။ အခုပွဲမှာ နိုင်ငံတော်က ပြန်ရောက်ရင်ဂုဏ်ပြုပွဲရှိပါဦးမယ်။ ရွှေကိုကျပ်သိန်းသုံးရာ၊ ငွေကိုကျပ်သိန်းနှစ်ရာ၊ ကြေးကို ကျပ်သိန်းတစ်ရာ ချီးမြှင့်မှာ ဖြစ်ပါတယ်။ မသန်စွမ်းတို့ဘဝ မသန်သော်လည်း အစွမ်းပြကြပါမယ်"ဟု မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဦးမျိုးမြင့်က ပြောသည်။

မြန်မာမသန်စွမ်း အားကစားအဖွဲ့သည် (၁၁)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ် အားကစားနည်းမှ ရွှေ ကိုးခု၊ ငွေ ခုနစ်ခု၊ ကြေး ၁၁ ခု ရရှိပြီး ရေကူးအားကစားနည်းမှ ရွှေငါးခု၊ ငွေသုံးခု၊ ကြေးနှစ်ခု၊ မသန်စွမ်းဘောလုံးအားကစားနည်းမှ ကြေးတစ်ခု၊ အလေးမအားကစားနည်းမှ ငွေနှစ်ခု၊ ကြေးနှစ်ခု၊ မြားပစ်အားကစားနည်းမှ ကြေး တစ်ခု၊ စုစုပေါင်းဆုတံဆိပ် ၄၃ ခုရရှိကာ မသန်စွမ်း ဘော်လီဘောနှင့် မျက်မမြင်ဂိုးလ်ဘော အားကစားမှာ ဆုတံဆိပ်များနှင့်လွဲချော်ခဲ့ရသည်။ (၁၂) ကြိမ်မြောက်အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲကို ၂၀၂၃ ခုနှစ် မေ သို့မဟုတ် ဇွန်လတွင်အိမ်ရှင်အဖြစ် ကမ္ဘောဒီးယားနိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

●*ကျောဖုံးမှ*

မြန်မာ ယူ-၁၆ အသင်း နည်းပြချုပ် ဦးအောင်ဇော်မျိုးသည် ဆလိုင်းအံ့ဘွယ်မောင် **(ဂိုး)**၊ သူရဇော်၊ကောင်းခန့်ဇော်၊ ရှိုင်းဝဏ္ဏအောင်၊ မြတ်ဘုန်းခန့်၊ ခွန်ချိုထူး၊ ထူးဝေယံ၊ စောမျိုးဇော်၊ လင်းထက်ဦး၊ ကောင်းထက်၊ အောင်ဇော်မျိုးတို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့ပြီး ဩစတြေးလျ၊ မလေးရှားတို့နှင့်ပွဲများတွင် နှစ်ပွဲဆက်တိုက်အသုံးပြုခဲ့သည့် ပွဲထွက်လူစာရင်းကို နှစ်ဦးသာ အပြောင်းအလဲပြုလုပ်ခဲ့သည်။ မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ်တက်ရောက် ရန် မဖြစ်မနေအနိုင်ရရန် လိုအပ်နေသဖြင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်သဖြင့် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်း အနိုင်ဂိုးရခဲ့၍ အသင်းခေါင်းဆောင် လင်းထက်ဦးက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းက အနိုင်ရလဒ်ကို ထိန်းကစားခဲ့ပြီး ကမ္ဘောဒီးယားအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း မြန်မာခံစစ် အမှားအယွင်းမရှိခဲ့ပေ။ ပွဲပြီးခါနီးတွင် ကမ္ဘောဒီးယားအသင်း၏ ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းမှုမှာ ဘားထိထွက်ခဲ့သဖြင့် မြန်မာအသင်း သက်သာခဲ့ရကာ နိုင်ပွဲနှင့်အတူ ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အုပ်စု (ဂ) ပွဲစဉ်များအပြီးတွင် မြန်မာအသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်မှတ်ဖြင့် အုပ်စုပထမရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။ မလေးရှားအသင်းသည် ဩစတြေးလျကို အနိုင်မကစားနိုင်သဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့် ဆုံးရှုံးခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က) ၌ ရမှတ်ကိုးမှတ်ဖြင့် ပထမနေရာရရှိသည့် အိမ်ရှင် အင်ဒိုနီးရှားအသင်း၊ အုပ်စု (ခ) ၌ ရမှတ် ခုနစ်မှတ်ဖြင့် အုပ်စုပထမရရှိသည့် ထိုင်းအသင်း၊ အုပ်စု (ဂ) ၌ ရမှတ်ခုနစ်မှတ်ဖြင့် အုပ်စုပထမရရှိသည့် မြန်မာအသင်းတို့မှာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်တက်ရောက်ခွင့် လက်ကျန်တစ်နေရာအတွက် ဒုတိယနေရာရအသင်းများဖြစ်သော အုပ်စု (က) မှ ခြောက်မှတ်ရသည့် ဗီယက်နမ်အသင်း၊ အုပ်စု (ခ) မှ ငါးမှတ်ရရှိသည့် လာအိုအသင်း၊ အုပ်စု (ဂ) မှ ငါးမှတ်ရရှိသည့် မလေးရှားအသင်းများအနက် ဗီယက်နမ်အသင်းက အကောင်းဆုံးအသင်းအဖြစ်ရပ်တည်ကာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ထိုင်းနှင့် ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် မြန်မာအသင်းတို့ တွေ့ဆုံနေသည်။

**ရဲရင့်လွင်**

◆*ကျောဖုံးမှ*

ဝူရှူး အားကစားသမား မမြတ်နိုးအိမ်၊ မအေးသစ္စာမြင့်နှင့် မောင်ခန့်မင်းထက်တို့ ပါဝင်လျက် ထိုင်းနိုင်ငံ အွန်ဘွန်ရတ်ချဌာနီ၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲမှ ဝူရှူး အားကစားနည်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထိုသို့ယှဉ်ပြိုင်ရာတွင် မြန်မာတက္ကသိုလ် ဝူရှူး အားကစားသမား သုံးဦးသည် တစ်ဦးလျှင် လက်နက်မဲ့၊ လက်နက်ဖြင့် ပြိုင်ပွဲနှစ်မျိုးစီကို အားကစားပြိုင်ပွဲ ခြောက်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ရွှေတံဆိပ်နှစ်ခု၊ ဒုတိယဆု ငွေတံဆိပ်နှစ်ခု၊ တတိယဆု ကြေးတံဆိပ်တစ်ခုဖြင့် ဆုတံဆိပ်ငါးခုကို အောင်မြင်စွာ ဆွတ်ခူးရရှိခဲ့သည်။

ထို့အတူ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင် ဦးဆောင်သည့် အုပ်ချုပ်သူတစ်ဦး၊ နည်းပြနှစ်ဦးနှင့် အားကစားသမား ရှစ်ဦးတို့ပါဝင်သော မြန်မာနိုင်ငံ တက္ကသိုလ် ပိုက်ကျော်ခြင်း အားကစားအဖွဲ့သည်လည်း ယနေ့



မြန်မာနိုင်ငံတက္ကသိုလ် ဝူရှူးအားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးရှိ ပါမောက္ခချုပ်များ၊ ပညာရေး ဝန်ကြီးဌာနနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

ပြန်လည်ရောက်ရှိခဲ့ကြသည်။

အလားတူ အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲတွင် တတိယဆု ကြေးတံဆိပ်ရရှိခဲ့သည့် ရန်ကုန် အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချစ်စိန် ဦးဆောင်သည့် အုပ်ချုပ်သူ နှစ်ဦး၊ နည်းပြ သုံးဦး၊ အားကစားသမား ၁၉ဦး တို့ပါဝင်သော မြန်မာနိုင်ငံ တက္ကသိုလ် ဘောလုံးအားကစားအသင်းသည်လည်း ဩဂုတ် ၆ ရက် ညနေ ၆ နာရီတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဥပဒေချုပ် ဦးငွေအောင်နှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်သို့သွားရောက်ဆိုကြိုဆိုခဲ့ကြသည်။

မြန်မာနိုင်ငံ တက္ကသိုလ် အားကစားအဖွဲ့အနေဖြင့် အကြိမ် (၂၀)မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ မြားပစ်နှင့် ဝူရှူးအားကစားနည်း လေးမျိုးတွင် အားကစားသမား စုစုပေါင်း ၃၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ စုစုပေါင်း ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၇ ဒသမ ၈၀ လက်မ၊ ချောင်းဆုံမြို့တွင် ၅ ဒသမ ၉၄ လက်မ၊ မြိတ်မြို့တွင် ၅ ဒသမ ၈၇ လက်မ၊ ထားဝယ်မြို့တွင် ၅ ဒသမ ၇၉ လက်မ၊ သံတွဲမြို့တွင် ၅ ဒသမ ၀၄ လက်မ၊ မာန်အောင်မြို့တွင် ၄ ဒသမ ၉၆ လက်မ၊ သထုံမြို့တွင် ၄ ဒသမ ၇၃ လက်မ၊ မော်လမြိုင်မြို့တွင် ၄ ဒသမ ၆၄ လက်မ၊ ဂွမြို့နှင့် ကျိုက်မရောမြို့တို့တွင် ၄ ဒသမ ၆၁ လက်မစီ၊ ပေါင်မြို့တွင် ၄ ဒသမ ၅၇ လက်မ၊ ရမ်းဗြဲမြို့တွင် ၄ ဒသမ ၂၈ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၈-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** ပဌာန်းသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** စစ်ပီးငြိမ်းချိန်တန်ပါပြီ
**၀၉:၁၀** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
**၀၉:၃၀** Sports Diary
**၁၀:၀၀** သတင်းထဲကသတင်း
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၁၁၁)
**၁၃:၃၀** MRTV National News
**၁၆:၃၅** ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါး ဖွင့်ပေးကြသူများ 'ပဒေသာမြေက စာတွေပတ်စေချင်လွန်းသူ' (အကြီးကိုကို)
**၁၇:၂၀** ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး
**၁၇:၄၅** ရိုးရာအမွေသက်သေပြု ထိန်းသိမ်းကြစို့ရွှေခနဲ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၁၉)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၇)

**mitv**

**07:02** Evergreen Classic: Myitta (Kyawt Kay Khaing)
**07:0** Colourful Lotus-Shaped Candles
**07:16** Let's Taste Delicious Insects: Silkworm Croquettes, Sago Worm Omelet with Duck Egg
**07:40** A Day In Bagan
**08:01** Healthy Diet: Balanced Diet
**08:07** Family of Toys
**08:27** Great Shwedagon - Auspicious Grounds And Devotional Posts
**08:40** Taung Byone Nat Festival (Ep-3)
**09:01** News
**09:26** Global Partnership for Brighter Future: Croatia Pavilion at Expo 2020 Dubai
**09:35** Children's Delight: The Ants and the Lazy Grasshopper
**09:50** One of the Useful Purposes of Bamboo

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ကျေးဇူးပါဖေဖေ
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** ဘာသာစကားပြောကြရအောင် (အပိုင်း-၃)
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** ကိုက်လန်၏ကျန်းမာရေးအကျိုးကျေးဇူးများ
**မွန် (၀၉:၀၀ မှ ၁၁:၀၀)** မုဒုံမြို့သို့အလည်တစ်ခေါက် ဘင်လိုင်ရွှေစေတီ
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ရမ္မာမြို့မှ မီးကြာလှည့်
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ပီနောင့်တိုင်းတို့နာမည်မှည့်ခေါ်ပုံ
**ဝ (၁၅:၀၀ မှ ၁၇:၀၀)** ဝါးကြက်သားမီးကင်ပြုလုပ်နည်း
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)** ဗိုင်ဝါးဘာသာစကားပြောကြရအောင်
**ကယား (၁၉:၀၀ မှ ၂၁:၀၀)** စံပယ်ပန်းလှလှလေးက ပေးတဲ့ကျန်းမာရေး
**ဝကေကရင် (၂၁:၀၀ မှ ၂၂:၀၀)** ပျောက်ကွယ်လုနီးပါးဂေဘားတိုင်းရင်းသားတို့ရဲ့ တင်းဝါးပလွေများ
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** အနောက်တောင်အရပ်ဆီကဟိုင်းကြီးကျွန်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ငပေငွေးချယ်မှု'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၇:၀၀** လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ်ကြီးစားဖို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကိုရွေးချယ်စို့
**၀၇:၅၀** တောင်သူ့ဘဝသုတကဏ္ဍ
**၀၈:၄၅** ဆန်ကိုအခြေခံ၍ကိတ်မုန့်ပြုလုပ်နည်း
**၀၉:၀၀** အညာမြေကိုအလှဆင်သူတို့ရှင်သန်ရာ မကွေးစိုက်သုခြံ
**၀၉:၄၀** တိရစ္ဆာန်စာဖူလုံဖို့ စားကျက်သီးနှံစိုက်ကြစို့

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

SCAN ME

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ချောင်းဦးမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်စဉ် လူမှုကူညီရေးယာဉ်များအား ထပ်မံမိုင်းဆွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"သေတဲ့သူက သေပြီး ဘယ်သူသေသေ ကိုယ်မာဖို့ပဲလုပ်နေသော ငတေများ"** နှင့် ပတ်သက်သည့်ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းရွာသစ်မြို့၌ ပန်းချီဆွဲပြိုင်ပွဲ ကျင်းပ

**ရှမ်းရွာသစ် ဩဂုတ် ၈**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာနတွင် ယနေ့နံနက် ၉ နာရီက ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်းမာကြံ့ခိုင်စေရန်အတွက် အားကစားပြိုင်ပွဲများကို ကျင်းပသည်။

အဆိုပါပြိုင်ပွဲများကို ကျင်းပပေးခြင်းဖြင့် ကျောင်းသားကျောင်းသူများကျောင်းစာတွင်သာမက အဘက်ဘက်တွင် ထူးချွန်သောကလေးများ ဖြစ်လာစေရန်ရည်ရွယ်၍ မူလတန်းအဆင့် ပန်းချီဆွဲပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က စိတ်ဝင်စားစွာယှဉ်ပြိုင်ကြကာ ဆုရရှိသူများကို ဆုချီးမြှင့်ပြီး အာဟာရဖြစ်စေရန် မုန့်များကျွေးမွေးကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့စျေးကွက်ပေါက်စျေးများ

၈-၈-၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်စျေး | တစ်ကျပ်သား ကျပ် ၂၀၇၇၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်စျေး | တစ်ကျပ်သား ကျပ် ၂၀၈၄၀၀၀ |
| ကမ္ဘာ့ရွှေစျေးအဖွင့်စျေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၇၂ |
| ကမ္ဘာ့ရွှေစျေးအပိတ်စျေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၇၉ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီစျေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၂၅ ကျပ် | ၂၂၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၉၀ ကျပ် | ၂၃၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၂၀ ကျပ် | ၁၈၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၈၈၀ ကျပ် | ၁၉၃၀ ကျပ် |

(ရွှေဖျိုင်းဖြူ စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၁၃၇ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၂၁ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၈ . ၆၆၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၅၄ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၀ . ၉၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၁၀ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၃၇၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၁၀၀ | ၇၀၀၀ | ၆၅၅ | ၄၆၂၂၅၀၀ |
| MTSH | ၂၅၀၀ | ၂၄၅၀ | ၈၇၀ | ၂၁၇၁၈၀၀ |
| MCB | ၆၉၀၀ | ၇၀၀၀ | ၄၇၆ | ၃၃၀၃၃၀၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၂ | ၃၅၀၀၀ |
| TMH | ၂၃၅၀ | ၂၄၀၀ | ၂၀ | ၄၇၉၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၄၉၀၀ | ၄၃ | ၂၁၀၈၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျေးလက်ဒေသ လူမှုစီးပွားရေးဘဝမြင့်မားရေး ဝိုင်းကူဆောင်ရွက်ပေး

**ကျေးလက်နေပြည်သူများ၏ လူနေမှုစနစ်များမှာ မြို့ပြတွင်နေထိုင်သူများထက် နိမ့်ကျလျက်ရှိသည်ကို တွေ့ရသည်။ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတွင် အားနည်းချက်များရှိခြင်းကြောင့်သာ လူနေမှုစနစ်များ နိမ့်ကျနေခြင်းဖြစ်သည်။ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်၍ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားများ ပြောင်းလဲတိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် အသက်မွေးဝမ်းကျောင်းများ လုပ်ကိုင်ကြသည်။ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမှာ ယခင်ကထက် မြင့်မားတိုးတက်လာသည်ဆိုသော်လည်း မြို့ပြတွင်နေထိုင်သူများနှင့် နှိုင်းယှဉ်လျှင် နိမ့်ကျနေကြောင်း တွေ့ရမည်ဖြစ်သည်။**

**မေယုမျိုးအောင် (MANA)**

### ပညာတတ်များ လေ့ကျင့်မွေးထုတ်ပေးရန် ဆောင်ရွက်လျက်ရှိ

ကျေးလက်ဒေသများ ဖွံ့ဖြိုးလာရေးတွင် ပညာသည် အခြေခံအကျဆုံးဖြစ်သည်။ ပညာတတ်မှ မိမိဒေသဖွံ့ဖြိုးတိုးတက်လာအောင် ပြုလုပ်နိုင်မည်ဖြစ်သည်။ ကျေးလက်နေပြည်သူများ၏ ပညာတတ်မြောက်မှုအခြေအနေသည် မြို့ပြထက်နည်းပါးနေသည်ကို တွေ့ရသည်။ မြန်မာ့ပညာရေးတွင် အများစုမှာ မူလတန်းနှင့် အလယ်တန်းအဆင့်သာ တတ်မြောက်ကြသည်။ လူနည်းစုသည် အထက်တန်းနှင့် အဆင့်မြင့်ပညာ တတ်မြောက်ကြပြီး များသောအားဖြင့် မြို့ပေါ်တွင် နေထိုင်ကြသည်။ အလယ်တန်းပညာအောက်သာ တတ်မြောက်မှုများသည့် ကျေးလက်ဒေသများနှင့် တိုင်းနှင့် ပြည်နယ်များအား ပညာရေးမြှင့်တင်ပေးနိုင်ရန်အတွက် ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည်။ စီးပွားရေးကို အထောက်အကူပြုသည့် ပညာတတ်များဖြစ်လာအောင် လေ့ကျင့်မွေးထုတ်ပေးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ ခရိုင်ပေါင်း ၁၂၇ ခရိုင်ရှိပြီး ပထမအဆင့်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုတွဲဖွင့်သည့် အထက်တန်းကျောင်းပေါင်း ၅၀ ဖွင့်လှစ်နိုင်ရန် လျာထားစီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

လူသားအရင်းအမြစ်များကို ဖန်တီးပေးမည့်အပြင် ကုန်ထုတ်လုပ်ငန်းများအတွက် အင်အားစုများ၊ အထောက်အပံ့များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပုဂ္ဂလိကကဏ္ဍမှလည်း တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြမည်ဆိုလျှင် အနာဂတ်ကာလတွင် ကျေးလက်လူမှုစီးပွား မြင့်မားတိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အခြေခံကျသော လူမှုနယ်ပယ်သည် ကျေးလက်ဒေသဖြစ်သည့်အလျောက် ကျေးလက်ဒေသနေပြည်သူများ ဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နှင့် မြို့ပြများတစ်ပြေးညီ တိုးတက်အောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ သောက်သုံးရေဖူလုံစွာရရှိရေး ကျေးလက်နေပြည်သူများ၏ ပညာရေးအဆင့်အတန်းမြင့်မားရေး၊ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးနှင့် ကျေးလက်ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးများကို နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ သားငါးထုတ်လုပ်မှုနှင့် ကျေးလက်



လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေးဟူသော လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးလာရေးတွင် ပညာရေးသည် အခြေခံအကျဆုံးဖြစ်သည်။ ပညာတတ်များ ပေါ်ကြွယ်လာမှသာ မိမိဒေသဖွံ့ဖြိုးတိုးတက်လာအောင် ပြုလုပ်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ခရိုင်ပေါင်း ၁၂၇ ခရိုင်ရှိပြီး ပထမအဆင့်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုတွဲဖွင့်သည့် အထက်တန်းကျောင်းပေါင်း ၅၀ ဖွင့်လှစ်နိုင်ရန် လျာထားစီစဉ်နေပြီဖြစ်ကြောင်း သိရသည်။ အစိုးရအနေဖြင့် အဆိုပါကျောင်းများ ဖွင့်လှစ်နိုင်ရန်အတွက် လိုအပ်သော ဆရာများအား သက်ဆိုင်ရာတက္ကသိုလ်၊ သိပ္ပံကျောင်းဆင်းများကို ရွေးချယ်လျက်ရှိပြီး အကူဆရာများအနေဖြင့် သက်ဆိုင်ရာဌာနများမှ တွဲဖက်သင်ကြားပေးမည်ဖြစ်သည်။

### ပို့ကုန်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ

စီးပွားရေးမူဝါဒပြောင်းလဲမှု သို့မဟုတ် ဈေးကွက်စီးပွားရေးစနစ် ဖြစ်တည်မှုသည် နိုင်ငံ၏ နိုင်ငံရေးပုံစံပြောင်းလဲမှုနှင့် ထက်ကြပ်မကွာ လိုက်ပါပြောင်းလဲနိုင်မှသာ ပြည်သူများ၏ စားဝတ်နေရေးနှင့် လူမှုဘဝများကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ဆယ်စုနှစ်ကာလ ကြာမြင့်နိုင်မည်ဖြစ်သော်လည်း လက်ငင်းလိုအပ်ချက်နှင့် လိုက်လျောညီထွေရှိမည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ကြိုးပမ်းဆောင်ရွက်ကြရသည်။ နိုင်ငံတစ်နိုင်ငံသည် မည်သည့်အခြေအနေရှိသည်ဖြစ်စေ စီးပွားရေးကောင်းမွန်မှသာ အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက်နိုင်မည်ဖြစ်၍ စီးပွားရေးကို အဓိကတွန်းအားပေးဆောင်ရွက်ကြသည်။ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး အရအဘက်ဘက်တွင် စိန်ခေါ်မှုများ များစွာရှိသော်လည်း နိုင်ငံတော်နှင့် ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရန်အတွက် စီးပွားရေးကို အစွမ်းကုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပုဂ္ဂလိကကဏ္ဍတွင် ထိန်းသိမ်းကြပ်မတ်မှုများကို ဆောင်ရွက်ခြင်းများနှင့်အတူ ပုဂ္ဂလိကပို့ကုန်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အားပေးဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းစီးပွားရေး တိုးတက်လာစေရန် အားပေးဆောင်ရွက်ခြင်းနှင့် ပြည်ပသို့ ကုန်ကြမ်းများ တင်ပို့ခြင်းထက် ကုန်ချောများ တင်ပို့နိုင်အောင် ကြိုးစားကြရမည်ဖြစ်သည်။

ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝ အဆင်ပြေစေရေးအတွက် မရှိမဖြစ်လိုအပ်သည်မှာ လျှပ်စစ်ဓာတ်အားရရှိရေးဖြစ်သည်။ မြို့ပြများ၌ လူမှုဘဝနေထိုင်မှုနှင့် လုပ်ငန်းကိုင်ငန်း အကျိုးစီးပွားများအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိရေးသည် အရေးကြီးသည်။ အစိုးရကနည်းလမ်းအမျိုးမျိုးဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြည်သူလူထုနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဓာတ်အားထုတ်လုပ်ပေးခြင်းနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ တိုးတက်သုံးစွဲလာသောဓာတ်အားများအား အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ လူ့ဘဝအသက်ရှင်ရပ်တည်ရေးအတွက် အခြေခံလိုအပ်ချက်များဖြင့် ချဉ်းကပ်ပုံသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပကတိဆင်းရဲမွဲတေမှုကို တိုင်းတာရန် အဓိကနည်းလမ်းများအနက် တစ်ရပ်ဖြစ်သည်။ ယင်းချဉ်းကပ်ပုံသည် ရေရှည်ရုပ်ပိုင်းဆိုင်ရာ ဖူလုံမှုအတွက် အနိမ့်ဆုံးလိုအပ်သည့် ရင်းမြစ်များကို သတ်မှတ်ရန် ကြိုးပမ်းခြင်းဖြစ်ပြီး ကုန်ပစ္စည်းများ သုံးစွဲမှုဖြင့် တိုင်းတာလေ့ရှိသည်။ ဆင်းရဲမွဲတေမှု သတ်မှတ်ချက်မျဉ်းကို ယင်းလိုအပ်ချက်များ ပြည့်ဝနိုင်ရန် လိုအပ်သည့် ဝင်ငွေပမာဏဖြင့် သတ်မှတ်သည်။ ဆင်းရဲမွဲတေမှုလျှော့ချရေးအတွက် စီးပွားရေးမူဝါဒများကိုကြည့်လျှင် အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်သည်။

စီးပွားရေးကြီးထွားမှုကို တွန်းအားပေးခြင်းသည် လူ့အဖွဲ့အစည်းအတွင်း စုစုပေါင်းဝင်ငွေကို တိုးတက်စေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ကာ ပြန်လည်ခွဲဝေပေးနိုင်သော ဝင်ငွေကို ဖြစ်ပေါ်စေသည်။ စီးပွားရေးကြီးထွားမှုသည် ဆင်းရဲမွဲတေမှုအဆင့်များကို လျှော့ချရန်အတွက် အဓိကအကြောင်းတစ်ရပ်ဖြစ်သည်။ အလုပ်လက်မဲ့ဖြစ်နေသူများကို အသက်မွေးမှုသင်တန်းများ အခမဲ့ပေးခြင်းကဲ့သို့သော မူဝါဒများ ချမှတ်ခြင်းသည် အလုပ်လက်မဲ့ဖြစ်မှုကို လျှော့ချရန် အထောက်အကူပြုသည်။ ဆင်းရဲမွဲတေမှုနှင့် အလုပ်လက်မဲ့ဖြစ်မှုသည် ပထဝီအနေအထားနှင့်လည်း သက်ဆိုင်တတ်သည်။ ဆင်းရဲမွဲတေမှုမျိုးကို လျှော့ချနိုင်ရန် အစိုးရအနေဖြင့် မဖွံ့ဖြိုးသောဒေသများကို ဦးစားပေးလျက် ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးရမည်ဖြစ်သည်။ အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်အောင် တည်ဆောက်ပေးပြီး အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးရန်အတွက် စီးပွားရေးအရ ထည့်ဝင်မှုများလည်း ပြုလုပ်သင့်သည်။

ဝင်ငွေမြင့်မားသည့်အဆင့်များကို ပိုမိုမြင့်မားသည့် ဝင်ငွေခွန်ကောက်ခံရမည်ဖြစ်သည်။ ယင်းအခွန်ငွေများဖြင့် လူမှုဖူလုံရေးအကျိုးအမြတ်များ ပိုမိုပေးနိုင်သောကြောင့် ဆင်းရဲသူများ၏ ဝင်ငွေများ တိုးတက်စေရန် အထောက်အကူပြုနိုင်သည်။ ဝင်ငွေနည်းပါးသောသူများအား လူမှုဖူလုံရေးအကျိုးအမြတ်များ မြှင့်တင်ပေးရမည်ဖြစ်သည်။ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ၌ ဝင်ငွေနည်းပါးသူများအတွက် အကျိုးအမြတ်များ မြှင့်တင်ပေးခြင်းသည် ဆင်းရဲမွဲတေမှု လျှော့ချရေး၌ အထောက်အကူပြုသည်။ အစိုးရအနေဖြင့် နိုင်ငံတော်၏ အနည်းဆုံးလုပ်ခ သတ်မှတ်ချက်ကို တတ်နိုင်သမျှ မြှင့်တင်ပေးရမည်ဖြစ်သည်။ ဝင်ငွေနည်းပါးသူများ၏ ဝင်ငွေကို မြှင့်တင်ပေးရန် ထိရောက်သော နည်းလမ်းတစ်ရပ်ဖြစ်ပြီး လုပ်ခမညီမျှမှုကို လျှော့ချပေးနိုင်သည်။ အခမဲ့ထောက်ပံ့ပေးသည့် အရေးကြီးသော ပြည်သူ့ဝန်ဆောင်မှုများဖြစ်သည်။ ဝင်ငွေနည်းပါးသော မိသားစုဝင်များကို အခမဲ့ပညာရေးပေးခြင်းဖြင့် ကျွမ်းကျင်မှုနှင့် အရည်အသွေးများတိုးတက်စေပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သောအလုပ်နှင့် ဝင်ငွေကို ရရှိစေမည်ဖြစ်သည်။

### မှန်ကန်သော စီးပွားရေးမူဝါဒများ ချမှတ်နိုင်မှုအပေါ် မူတည်

စိုက်ပျိုးရေးမှသည် ကုန်ထုတ်လုပ်ရေးအထိ အမျိုးအစားစုံလင်သော စီးပွားရေးကဏ္ဍများရှိရန် လိုသည်။ ယင်းကဲ့သို့ ရှိခြင်းသည် စီးပွားရေးဖွံ့ဖြိုးမှု ပိုမိုကြီးထွားလာနိုင်စေသော်လည်း သင့်လျော်သည့် ကျွမ်းကျင်မှုများနှင့် အခြေခံအဆောက်အအုံများ မရှိဘဲ ပြုလုပ်နိုင်ရန် ခက်ခဲသည်။ ဆင်းရဲမွဲတေမှု လျှော့ချနိုင်ရန်မှာ မှန်ကန်သော စီးပွားရေးမူဝါဒများ ချမှတ်နိုင်မှုအပေါ် မူတည်နေသည်။

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာအောင် အဘက်ဘက်တွင် လစ်ဟာမှု မရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**○ နိုင်ငံတစ်နိုင်ငံသည် မည်သည့်အခြေအနေရှိသည်ဖြစ်စေ စီးပွားရေးကောင်းမွန်မှသာ အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက်နိုင်မည်ဖြစ်၍ စီးပွားရေးကို အဓိကတွန်းအားပေးဆောင်ရွက်ကြသည်။ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအရ အဘက်ဘက်တွင် စိန်ခေါ်မှုများ များစွာရှိသော်လည်း နိုင်ငံတော်နှင့် ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရန်အတွက် စီးပွားရေးကို အစွမ်းကုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

# မိတ္ထီလာ၌ စာပေဆုရ စာရေးဆရာနှင့် ကဗျာဆရာတို့အား ဂုဏ်ပြုပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၈**

မိတ္ထီလာမြို့၌ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူစာပေဆုရရှိခဲ့သော မြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာနှင့် ကဗျာဆရာတို့အား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်း နာယက စာရေးဆရာ ဘိုမျိုး( ရွှေဘို)က အမှာစကားပြောကြားသည်။

ဆက်လက်၍ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူစာပေဆုရ စာရေးဆရာများအတွက် မုဒိတာစကားများကို တက်ရောက်လာကြသော စာရေးဆရာများ၊ ကဗျာဆရာများက ပြောကြားကြသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဇော်ထံသို့ ခရိုင်ပြည်သူ့စာကြည့်တိုက်အတွက် လှူဒါန်းသော စာပေဆုရစာအုပ်များကို အလှူရှင်စာရေးဆရာတင်တော်က ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပွဲကိုင်ရှင်တို့၏ နှလုံးသားအလှနှင့် ဝတ္ထုတိုများ၊ ဝတ္ထုတိုပေါင်းချုပ်ဖြင့် ၂၀၂၀ ပြည့်နှစ် စာပေဗိမာန်စာမူဆု တတိယဆုနှင့် အလင်းမီးတိုင်နေလပြိုင်၍ ထွန်းလင်းပြလိုက်ချင် ဝတ္ထုရှည်ဖြင့် ၂၀၂၀ ပြည့်နှစ် ပခုက္ကူစာပေဆု ဝတ္ထုရှည်ပထမဆုရရှိခဲ့သော မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ တင်တော် နှင့် ခေတ်စမ်းချိန်ကဗျာပေါင်းချုပ်ဖြင့် ၂၀၂၀ ပြည့်နှစ် ပခုက္ကူ စာပေဆု ကဗျာပေါင်းချုပ်တတိယဆု ရရှိခဲ့သော မြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ကဗျာဆရာကြည်သိန်းဇော်တို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စာပေဆုများရရှိခဲ့သော စာရေးဆရာနှင့် ကဗျာဆရာတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ )




# ကျောက်တန်းကျေးရွာ၌ သီးထပ်သီးညှပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု ကွင်းဆင်းကြည့်ရှု

**နတ်မောက် ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ရာ ယမန်နေ့က ကျောက်တန်းကျေးရွာတောင်သူများနှင့်အတူ သီးညှပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုကြသည်။

တောင်သူ ဦးသာအေး စိုက်ပျိုးထားသည့် သီးညှပ်စိုက်ခင်းများဖြစ်သည့် ပဲစင်းငုံနှင့် မကွေး(၁၆) မြေပဲ စိုက်ခင်းကို ကြည့်ရှု၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိမှ စိုက်ခင်းအတွက် ပိုးမဖျက်ဆီးနိုင်ရန် ပိုးသတ်ဆေးများကို အချိန်မီ ဖျန်းပက်စေရန် အသိပညာပေး ဆွေးနွေးပြောကြားကြောင်း သိရသည်။ သီးညှပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုကြကြောင်း သိရသည်။



လှဝင်း

# ပရပ်ကြယ်ကျေးရွာနှင့် ကျခတ်ကန်ကျေးရွာများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဩဂုတ် ၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး မကွေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဆောင်းတင်နှင့် အဖွဲ့ဝင်များ၊ တောင်တွင်းကြီးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဩဂုတ် ၅ ရက်က ပရပ်ကြယ်ကျေးရွာနှင့် ကျခတ်ကန်ကျေးရွာများသို့ ကွင်းဆင်း၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)က ကျေးရွာပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ရေရရှိရေး၊ မီးလင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်မှဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ခရိုင်ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းက ကျေးရွာနေပြည်သူများ လိုက်နာသိရှိနိုင်ရန် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် မိမိရပ်ရွာလုံခြုံရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ရန်တို့ကို ရှင်းလင်းပြောကြားသည်။ ခရိုင်(ပြန်/ဆက်)

# မုဒုံမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ပညာပေးသင်တန်းဖွင့်

**မုဒုံ ဩဂုတ် ၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မုဒုံမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိဝတ်ရည်မွန်က ကျေးလက်နေပြည်သူများ၏ မိမိတို့ဒေသအတွင်း၌ပင် အလုပ်အကိုင်အခွင့်အလမ်းရရှိရန်၊ တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည် မြင့်မားလာပြီး ဝင်ငွေရရှိတိုးပွားလာစေရန်၊ မိမိတို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရန်၊ ကျေးလက်ဒေသ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်စေရန်နှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ကာ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ် လုပ်ကိုင်နိုင်စေရန် လိုအပ်သည့် နည်းပညာများ ပြန့်ပွားလာနိုင်စေရန်အတွက် သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

သင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ၊ သင်တန်းနည်းပြနှစ်ဦးက နည်းပညာပိုင်းဆိုင်ရာများကို လတ်တက်ကျေးရွာ၊ အခွန်ကျေးရွာ၊ ကင်းချောင်းကျေးရွာ၊ ကျိုက်ကာကျေးရွာမှ သင်တန်းသား ၂၀ အား စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည် ဖြစ်ကြောင်းသိရသည်။

သားငယ်(မုဒုံ)



# ဘားအံမြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်း

**ဘားအံ ဩဂုတ် ၈**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ကရင်ပြည်နယ် မီးသတ်ဦးစီးဌာနကကျင်းပသော ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဆင်းပွဲကို ဩဂုတ် ၇ ရက်က ဘားအံမြို့ လှာကမြင်(ကွက်သစ်)ရှိ ဘားအံခရိုင် မီးသတ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က သင်တန်းသား သင်တန်းသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်သည့် နည်းပညာရပ်ဆိုင်ရာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးပြီးဖြစ်ကြောင်း၊ ပြည်သူများ၏ အသက်အိုးအိမ်၊ ပစ္စည်းများကို ကူညီကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သကဲ့သို့ သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အခါတွင်လည်း ဆုံးရှုံးမှုနည်းပါးသည်ထက် နည်းပါးစေရန် ကြိုတင်မျှော်တွေး၍ သတိကြီးစွာထားပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ပြည်သူလူထုက အားကိုးယုံကြည်ရသည့် စေတနာ့ဝန်ထမ်းပရဟိတအသင်းအဖွဲ့များဖြစ်အောင် စွမ်းဆောင်ရည်ကို မြှင့်တင်၍ ကျရာအခန်းကဏ္ဍမှ ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့၊ မာဃလူမှုကူညီရေးအဖွဲ့၊ ပေးဆပ်သူကယ်ဆယ်ရေးအဖွဲ့၊ ဘဝမီးအိမ်ကယ်ဆယ်ရေးအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီသူနာပြု တပ်ဖွဲ့ အစရှိသည့်ဒေသတွင်းလူမှုရေးအဖွဲ့အစည်းများမှ စုစုပေါင်း ၇၅ ဦး သင်တန်းဆင်းခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ အလှုကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အကောက်ခွန်ဦးစီးဌာန စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲမှ တာဝန်ကျစစ်ဆေးရေးအဖွဲ့က ရန်ကုန်-ဘားအံ-မြဝတီ ကုန်သွယ်မှုလမ်းမကြီး တစ်လျှောက် အခွန်ပေးဆောင်ထားသည့် ကုန်ပစ္စည်းများထက် ပိုမိုတင်ဆောင်လာကြောင်း သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် ရဲမွန်ရွာနှင့် ညောင်တစ်ခြမ်းကျေးရွာကြားတွင် ကုန်တင်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ ID တွင်ကြေညာထားသည်နှင့် ကိုက်ညီမှုမရှိသော လူသုံးကုန်ပစ္စည်းများနှင့် အလှုကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၃၄၃၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Mitsubishi ၁၂ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၃၄၃၂၀ ) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၅ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ထားဝယ်ခရိုင် မူခင်းနှိမ်နင်းရေးဌာနဦးစီးသော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့နယ် ထိန်သစ်ရပ်ကွက် အခွန်လွတ်ဈေးတွင် အကောက်ခွန်မဲ့ SINGER ဘီယာ ၉၅ ကတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၇၅၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာနိုင်ငံယစ်မျိုး အက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**လုပ်ထုံးလုပ်နည်းနှင့်အညီအရေးယူ**

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၅ ရက်နှင့် ၇ ရက်များတွင် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က တမူးမြို့နယ် ရေနန်းရွာအနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် တရားမဝင် အင်သစ်ခွဲသား ၁ ဒသမ ၀၆၅၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၇၈၀)နှင့် ကလေးဝ-ရေဦး သွားကားလမ်း မိုင်တိုင်အမှတ် (၁၀၀/၁)တွင် တရားမဝင် အင်သစ်ခွဲသား ၇ ဒသမ ၆၇၇၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၁၅၈၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဩဂုတ် ၇ ရက်တွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က Honda Fit အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၁၁၃၆၀ ) ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး လမ်းဟောင်း



ထုံးဘိုတိုးဂိတ်အနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အလှုကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၁၆၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Canter အမျိုးအစား ခြောက်ဘီးမော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၂၆၈၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သစ်မျိုးစုံဖမ်းဆီးရမိ**

အလားတူ ဩဂုတ် ၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်များအတွင်း တရားမဝင်သစ်မျိုးစုံ ၁၅ ဒသမ ၃၁၉၀ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၂၅၃၃၆၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။**(အပေါ်ပုံ)**

သို့ဖြစ်ပါ၍ ဩဂုတ် ၅ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၁၅၄၀၄၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင်ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

# ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲ မြန်မာနှင့်မလေးရှား ယနေ့ကစားမည်

**ဟနွိုင်း ဩဂုတ် ၈**

ဗီယက်နမ်နိုင်ငံ ဘင်ဒေါင်းမြို့၌ ကျင်းပလျက်ရှိသည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ဩဂုတ် ၉ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စုနောက်ဆုံးနေ့အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာအသင်းနှင့် မလေးရှားအသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်း ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်၊ ထိုင်းတို့နှင့် ကစားခဲ့သည့် နှစ်ပွဲစလုံး အရေးနိမ့်ခဲ့သော်လည်း ဂိုးသွင်းခွင့်များ အပြန်အလှန်ရခဲ့ပြီး အသုံးမချနိုင်သဖြင့် သွင်းဂိုးမရသေးဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ လက်ရှိမြန်မာ ယူ-၁၉ အသင်းတွင် ပါဝင်လာသည့် ကစားသမားအများစုမှာ နိုင်ငံတကာအတွေ့အကြုံနည်းပါးသဖြင့် လိုအပ်ချက်များ ရှိနေသေးခြင်းဖြစ်သည်။ မြန်မာအသင်းသည် နှစ်ပွဲဆက်အရှုံးကြောင့် တတိယလုပွဲသာ ကစားရတော့မည်ဖြစ်ရာ ယနေ့ပွဲတွင် တတိယလုပွဲအတွက် ပြင်ဆင်ပြီး ကစားရမည်ဖြစ်သည်။

ဩဂုတ် ၅ ရက်က ကစားသည့် အုပ်စုပထမနေ့တွင် အိမ်ရှင်ဗီယက်နမ်က မြန်မာကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး မလေးရှားနှင့် ထိုင်းအသင်း ဂိုးမရှိသရေကျခဲ့သည်။ ဩဂုတ် ၇ ရက်က ကစားသည့် အုပ်စုဒုတိယနေ့တွင် ထိုင်းက မြန်မာကို တစ်ဂိုး-ဂိုးမရှိ၊ ဗီယက်နမ်က မလေးရှားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စုဒုတိယနေ့အပြီးတွင် ဗီယက်နမ်အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်၊ ထိုင်းအသင်းက တစ်ပွဲနိုင် တစ်ပွဲသရေ လေးမှတ်၊ မလေးရှားအသင်းက တစ်ပွဲသရေ တစ်ပွဲရှုံး တစ်မှတ်ရရှိကာ မြန်မာအသင်းက နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အမှတ်အများဆုံးနှစ်သင်းက ဗိုလ်လုပွဲနှင့် အမှတ်အနည်းဆုံးနှစ်သင်းက တတိယနေရာလုပွဲ ကစားရမည်ဖြစ်ရာ အုပ်စုဒုတိယနေ့အပြီး ရပ်တည်မှုအရ ဗီယက်နမ်အသင်းက ဗိုလ်လုပွဲတက်ရောက်သွားပြီဖြစ်သလို မြန်မာအသင်းမှာလည်း တတိယနေရာလုပွဲသာ ကစားရတော့မည်ဖြစ်သည်။ **ရဲရင့်လွင်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၁၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နေပြည်တော်
## (လျှောက်လွှာခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာ တက္ကသိုလ်များတွင် အောက်ပါဘာသာရပ်များအတွက် နည်းပြ/သရုပ်ပြ (လစာနှုန်း ကျပ်၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) ရာထူးများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို လျှောက်ထားလိုသော တက္ကသိုလ်များတွင် အခမဲ့ရယူ၍ တိုက်ရိုက်တင်သွင်းလျှောက်ထားနိုင်ပါသည်–

| စဉ် | တက္ကသိုလ် | လျှောက်ထားနိုင်သည့်ဘာသာရပ်များ |
|---|---|---|
| (၁) | ရန်ကုန်နည်းပညာတက္ကသိုလ် | ၁။ သတ္တုဗေဒအင်ဂျင်နီယာနှင့် ဒြပ်ပစ္စည်းသိပ္ပံ ၂။ သတ္တုတူးဖော်ရေးအင်ဂျင်နီယာ ၃။ ရေနံအင်ဂျင်နီယာ ၄။ ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ ၅။ ဓာတုအင်ဂျင်နီယာ ၆။ သင်္ချာ ၇။ ရူပဗေဒ ၈။ မြန်မာစာ ၉။ အင်္ဂလိပ်စာ |
| (၂) | မန္တလေးနည်းပညာတက္ကသိုလ် | ၁။ သတ္တုတူးဖော်ရေးအင်ဂျင်နီယာ ၂။ သုတနည်းပညာအင်ဂျင်နီယာ ၃။ ဓာတုအင်ဂျင်နီယာ ၄။ ရူပဗေဒ ၅။ ဓာတုဗေဒ ၆။ အင်္ဂလိပ်စာ |
| (၃) | ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် | ၁။ စက်မှုအင်ဂျင်နီယာ ၂။ ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ ၃။ သုတနည်းပညာအင်ဂျင်နီယာ ၄။ ဗိသုကာ ၅။ သင်္ချာ ၆။ ရူပဗေဒ ၇။ မြန်မာစာ ၈။ အင်္ဂလိပ်စာ |
| (၄) | နည်းပညာတက္ကသိုလ်(သန်လျင်) | ၁။ စက်မှုအင်ဂျင်နီယာ ၂။ မက္ကာထရောနစ်အင်ဂျင်နီယာ ၃။ ရေနံအင်ဂျင်နီယာ ၄။ သုတနည်းပညာ အင်ဂျင်နီယာ ၅။ ဗိသုကာ ၆။ ဘူမိဗေဒ ၇။ ဓာတုအင်ဂျင်နီယာ ၈။ သင်္ချာ ၉။ ရူပဗေဒ ၁၀။ မြန်မာစာ ၁၁။ အင်္ဂလိပ်စာ |
| (၅) | နည်းပညာတက္ကသိုလ်(မှော်ဘီ) | ၁။ မက္ကာထရောနစ်အင်ဂျင်နီယာ ၂။ ဗိသုကာ ၃။ သင်္ချာ ၄။ ရူပဗေဒ ၅။ မြန်မာစာ |
| (၆) | နည်းပညာတက္ကသိုလ်(မန္တလေး) | ၁။ မက္ကာထရောနစ်အင်ဂျင်နီယာ ၂။ သတ္တုတူးဖော်ရေးအင်ဂျင်နီယာ ၃။ သုတနည်းပညာအင်ဂျင်နီယာ ၄။ ဗိသုကာ ၅။ ဘူမိဗေဒ ၆။ ရူပဗေဒ ၇။ ဓာတုဗေဒ ၈။ အင်္ဂလိပ်စာ |
| (၇) | ပြည်နည်းပညာတက္ကသိုလ် | ၁။ စက်မှုအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ သင်္ချာ ၄။ ရူပဗေဒ ၅။ ဓာတုဗေဒ |
| (၈) | မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ် | ၁။ လေကြောင်းအင်ဂျင်နီယာ |
| (၉) | နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး) | ၁။ စက်မှုအင်ဂျင်နီယာ ၂။ မက္ကာထရောနစ်အင်ဂျင်နီယာ ၃။ သုတနည်းပညာအင်ဂျင်နီယာ ၄။ ရူပဗေဒ |
| (၁၀) | နည်းပညာတက္ကသိုလ်(မအူပင်) | ၁။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၂။ စက်မှုအင်ဂျင်နီယာ ၃။ ဘူမိဗေဒ ၄။ ဓာတုဗေဒ ၅။ မြန်မာစာ |
| (၁၁) | နည်းပညာတက္ကသိုလ်(ပုသိမ်) | ၁။ စက်မှုအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ ဓာတုဗေဒ ၄။ မြန်မာစာ |
| (၁၂) | နည်းပညာတက္ကသိုလ်(ဟင်္သာတ) | ၁။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၂။ စက်မှုအင်ဂျင်နီယာ ၃။ ဘူမိဗေဒ ၄။ သင်္ချာ ၅။ ရူပဗေဒ ၆။ ဓာတုဗေဒ ၇။ မြန်မာစာ |
| (၁၃) | နည်းပညာတက္ကသိုလ်(ကျောက်ဆည်) | ၁။ ဒြပ်ပစ္စည်းသိပ္ပံနှင့်အင်ဂျင်နီယာ ၂။ နျူးကလီးယားနည်းပညာအင်ဂျင်နီယာ ၃။ မြန်မာစာ ၄။ အင်္ဂလိပ်စာ |
| (၁၄) | နည်းပညာတက္ကသိုလ်(တောင်ငူ) | ၁။ ဘူမိဗေဒ ၂။ သင်္ချာ ၃။ အင်္ဂလိပ်စာ ၄။ ဓာတုဗေဒ |
| (၁၅) | နည်းပညာတက္ကသိုလ်(စစ်ကိုင်း) | ၁။ ဘူမိဗေဒ ၂။ သင်္ချာ ၃။ ရူပဗေဒ ၄။ ဓာတုဗေဒ ၅။ မြန်မာစာ |
| (၁၆) | နည်းပညာတက္ကသိုလ်(မော်လမြိုင်) | ၁။ စက်မှုအင်ဂျင်နီယာ ၂။ သုတနည်းပညာအင်ဂျင်နီယာ ၃။ ဘူမိဗေဒ ၄။ ရူပဗေဒ ၅။ ဓာတုဗေဒ ၆။ မြန်မာစာ |
| (၁၇) | နည်းပညာတက္ကသိုလ်(မကွေး) | ၁။ စက်မှုအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ မြန်မာစာ |
| (၁၈) | နည်းပညာတက္ကသိုလ်(မုံရွာ) | ၁။ စက်မှုအင်ဂျင်နီယာ ၂။ မက္ကာထရောနစ်အင်ဂျင်နီယာ ၃။ ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ ၄။ သုတနည်းပညာအင်ဂျင်နီယာ ၅။ ဘူမိဗေဒ ၆။ ရူပဗေဒ ၇။ မြန်မာစာ ၈။ ဓာတုဗေဒ |
| (၁၉) | နည်းပညာတက္ကသိုလ်(မိတ္ထီလာ) | ၁။ စက်မှုအင်ဂျင်နီယာဌာန ၂။ သုတနည်းပညာအင်ဂျင်နီယာ ၃။ ရူပဗေဒ ၄။ ဓာတုဗေဒ ၅။ မြန်မာစာ |
| (၂၀) | နည်းပညာတက္ကသိုလ်(ပခုက္ကူ) | ၁။ စက်မှုအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ ရူပဗေဒ ၄။ ဓာတုဗေဒ ၅။ မြန်မာစာ |
| (၂၁) | နည်းပညာတက္ကသိုလ်(ရမည်းသင်း) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ စက်မှုအင်ဂျင်နီယာ ၃။ ရူပဗေဒ |
| (၂၂) | နည်းပညာတက္ကသိုလ်(တောင်ကြီး) | ၁။ စက်မှုအင်ဂျင်နီယာ ၂။ သတ္တုတူးဖော်ရေးအင်ဂျင်နီယာ ၃။ ဘူမိဗေဒ ၄။ မြန်မာစာ |
| (၂၃) | နည်းပညာတက္ကသိုလ်(ဘားအံ) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၃။ ဘူမိဗေဒ ၄။ သင်္ချာ ၅။ ရူပဗေဒ ၆။ ဓာတုဗေဒ ၇။ မြန်မာစာ |
| (၂၄) | နည်းပညာတက္ကသိုလ်(လားရှိုး) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ စက်မှုအင်ဂျင်နီယာ ၃။ ဘူမိဗေဒ ၄။ ရူပဗေဒ ၅။ ဓာတုဗေဒ ၆။ မြန်မာစာ |
| (၂၅) | နည်းပညာတက္ကသိုလ်(ပင်လုံ) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ စက်မှုအင်ဂျင်နီယာ ၃။ ဘူမိဗေဒ ၄။ ရူပဗေဒ ၅။ ဓာတုဗေဒ ၆။ မြန်မာစာ ၇။ အင်္ဂလိပ်စာ |
| (၂၆) | နည်းပညာတက္ကသိုလ်(မြစ်ကြီးနား) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ စက်မှုအင်ဂျင်နီယာ ၃။ ဘူမိဗေဒ ၄။ ရူပဗေဒ |
| (၂၇) | နည်းပညာတက္ကသိုလ်(ထားဝယ်) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၃။ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာ ၄။ စက်မှုအင်ဂျင်နီယာ ၅။ ဘူမိဗေဒ ၆။ သင်္ချာ ၇။ ရူပဗေဒ ၈။ ဓာတုဗေဒ ၉ ။ မြန်မာစာ ၁၀ ။ အင်္ဂလိပ်စာ |
| (၂၈) | နည်းပညာတက္ကသိုလ်(လွိုင်ကော်) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၃။ စက်မှုအင်ဂျင်နီယာ ၄။ သင်္ချာ ၅။ ဓာတုဗေဒ ၆။ မြန်မာစာ ၇။ အင်္ဂလိပ်စာ |
| (၂၉) | နည်းပညာတက္ကသိုလ်(မြိတ်) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၃။ စက်မှုအင်ဂျင်နီယာ ၄။ ဘူမိဗေဒ ၅။ သင်္ချာ ၆။ ရူပဗေဒ ၇။ ဓာတုဗေဒ ၈ ။ မြန်မာစာ ၉ ။ အင်္ဂလိပ်စာ |
| (၃၀) | နည်းပညာတက္ကသိုလ်(ဖန်းမော်) | ၁။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၂။ စက်မှုအင်ဂျင်နီယာ ၃။ ဘူမိဗေဒ ၄။ သင်္ချာ ၅။ ရူပဗေဒ ၆။ ဓာတုဗေဒ |
| (၃၁) | နည်းပညာတက္ကသိုလ်(ကလေး) | ၁။ မြို့ပြအင်ဂျင်နီယာ ၂။ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၃။ စက်မှုအင်ဂျင်နီယာ ၄။ ဘူမိဗေဒ ၅။ ရူပဗေဒ ၆။ ဓာတုဗေဒ ၇ ။ မြန်မာစာ |
| (၃၂) | နည်းပညာတက္ကသိုလ်(စစ်တွေ) | ၁။ စက်မှုအင်ဂျင်နီယာ ၂။ ဘူမိဗေဒ ၃။ ရူပဗေဒ ၄။ ဓာတုဗေဒ |
| (၃၃) | နည်းပညာတက္ကသိုလ်(ကျိုင်းတုံ) | ၁။ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ ၂။ စက်မှုအင်ဂျင်နီယာ ၃။ ဘူမိဗေဒ ၄။ ဓာတုဗေဒ ၅။ မြန်မာစာ |
| (၃၄) | သတင်းအချက်အလက်နည်းပညာတက္ကသိုလ် | ၁။ ကွန်ပျူတာသိပ္ပံ ၂။ သင်္ချာ ၃။ မြန်မာစာ |
| (၃၅) | မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ မြန်မာစာ ၄။ အင်္ဂလိပ်စာ |
| (၃၆) | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် | ၁။ ကွန်ပျူတာသိပ္ပံ ၂။ အင်္ဂလိပ်စာ |
| (၃၇) | မန္တလေးကွန်ပျူတာတက္ကသိုလ် | ၁။ ကွန်ပျူတာသိပ္ပံ ၂။ သင်္ချာ ၃။ မြန်မာစာ |
| (၃၈) | ကွန်ပျူတာတက္ကသိုလ်(မန္တလေး) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ မြန်မာစာ ၅။ အင်္ဂလိပ်စာ |
| (၃၉) | ကွန်ပျူတာတက္ကသိုလ်(ပြည်) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ အင်္ဂလိပ်စာ |
| (၄၀) | ကွန်ပျူတာတက္ကသိုလ်(မအူပင်) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ မြန်မာစာ ၃။ အင်္ဂလိပ်စာ |
| (၄၁) | ကွန်ပျူတာတက္ကသိုလ်(ဟင်္သာတ) | ၁။ သင်္ချာ ၂။ အင်္ဂလိပ်စာ |
| (၄၂) | ကွန်ပျူတာတက္ကသိုလ်(ပုသိမ်) | ၁။ ကွန်ပျူတာနည်းပညာ ၂။ သင်္ချာ ၃။ အင်္ဂလိပ်စာ |
| (၄၃) | ကွန်ပျူတာတက္ကသိုလ်(တောင်ငူ) | ၁။ သင်္ချာ ၂။ ရူပဗေဒ ၃။ မြန်မာစာ ၄။ အင်္ဂလိပ်စာ |
| (၄၄) | ကွန်ပျူတာတက္ကသိုလ်(သထုံ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ မြန်မာစာ ၅။ အင်္ဂလိပ်စာ |
| (၄၅) | ကွန်ပျူတာတက္ကသိုလ်(ဘားအံ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ သင်္ချာ ၃။ မြန်မာစာ ၄။ အင်္ဂလိပ်စာ |
| (၄၆) | ကွန်ပျူတာတက္ကသိုလ်(မုံရွာ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ ရူပဗေဒ ၅။ အင်္ဂလိပ်စာ |
| (၄၇) | ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ရူပဗေဒ ၃။ အင်္ဂလိပ်စာ |
| (၄၈) | ကွန်ပျူတာတက္ကသိုလ်(မကွေး) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ မြန်မာစာ ၄။ အင်္ဂလိပ်စာ |
| (၄၉) | ကွန်ပျူတာတက္ကသိုလ်(ပခုက္ကူ) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ ရူပဗေဒ ၅။ မြန်မာစာ ၆။ အင်္ဂလိပ်စာ |
| (၅၀) | ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ |
| (၅၁) | ကွန်ပျူတာတက္ကသိုလ်(လားရှိုး) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ ရူပဗေဒ ၅။ မြန်မာစာ ၆။ အင်္ဂလိပ်စာ |
| (၅၂) | ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ မြန်မာစာ ၃။ အင်္ဂလိပ်စာ |
| (၅၃) | ကွန်ပျူတာတက္ကသိုလ်(ထားဝယ်) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ မြန်မာစာ ၅။ အင်္ဂလိပ်စာ |
| (၅၄) | ကွန်ပျူတာတက္ကသိုလ် (ပင်လုံ) | ၁။ ကွန်ပျူတာနည်းပညာ ၂။ သင်္ချာ ၃။ မြန်မာစာ ၄။ အင်္ဂလိပ်စာ |
| (၅၅) | ကွန်ပျူတာတက္ကသိုလ် (မြစ်ကြီးနား) | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ |
| (၅၆) | ကွန်ပျူတာတက္ကသိုလ် (မြိတ်) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ ရူပဗေဒ ၅။ အင်္ဂလိပ်စာ |
| (၅၇) | ကွန်ပျူတာတက္ကသိုလ် (ဖန်းမော်) | ၁။ ကွန်ပျူတာနည်းပညာ ၂။ သင်္ချာ ၃။ မြန်မာစာ |
| (၅၈) | ကွန်ပျူတာတက္ကသိုလ် (ကလေး) | ၁။ ကွန်ပျူတာသိပ္ပံ ၂။ ကွန်ပျူတာနည်းပညာ ၃။ သင်္ချာ ၄။ ရူပဗေဒ ၅။ မြန်မာစာ ၆။ အင်္ဂလိပ်စာ |
| (၅၉) | ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) | ၁။ ကွန်ပျူတာနည်းပညာ |
| (၆၀) | ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ) | ၁။ ကွန်ပျူတာနည်းပညာ ၂။ မြန်မာစာ ၃။ အင်္ဂလိပ်စာ |

၂။ လျှောက်ထားသူသည်

(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် အောက်ပါပညာအရည်အချင်းနှင့် ပြည့်စုံသူဖြစ်ရမည်–

(၁) ပါရဂူဘွဲ့/ မဟာသုတေသနဘွဲ့/ မဟာဘွဲ့ (အင်ဂျင်နီယာ/ ကွန်ပျူတာ/ သင်္ချာ/ ရူပဗေဒ/ ဓာတုဗေဒ/ မြန်မာစာ/ အင်္ဂလိပ်စာ) ရရှိပြီးသူများ

(၂) အင်ဂျင်နီယာဘွဲ့/ဗိသုကာဘွဲ့ရရှိပြီးသူများ၊

(၃) ကွန်ပျူတာသိပ္ပံ/ကွန်ပျူတာနည်းပညာ(မဟာဘွဲ့သင်တန်းတက်ရောက်ရန်အဆင့်မီသူများ)၊

(၄) B.Sc(Q),B.Sc(Hons:) (သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ) ဘွဲ့ရရှိပြီးသူများ၊

(၅) B.A(Q), B.A(Hons:)(မြန်မာစာ၊ အင်္ဂလိပ်စာ) ဘွဲ့ရရှိပြီးသူများ

(ဂ) လျှောက်ထားသူသည် အောက်ပါအသက်သတ်မှတ်ချက်နှင့် ကိုက်ညီသူဖြစ်ရမည်–

(၁) ပါရဂူဘွဲ့ရရှိပြီးသူဖြစ်ပါက၂၀၂၂ခုနှစ်၊ဩဂုတ်လ(၂၉)ရက်နေ့တွင် အသက်(၄၄) နှစ်ထက်မကျော်လွန်သူ၊

(၂) မဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ပါက၂၀၂၂ခုနှစ်၊ဩဂုတ်လ(၂၉)ရက်နေ့တွင် အသက်(၃၉)နှစ်ထက်မကျော်လွန်သူ၊

(၃) မဟာဘွဲ့ (အင်ဂျင်နီယာ/ ကွန်ပျူတာ/ သင်္ချာ/ ရူပဗေဒ/ ဓာတုဗေဒ/ မြန်မာစာ/ အင်္ဂလိပ်စာ) ရရှိပြီးသူဖြစ်ပါက ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၉)ရက်နေ့တွင် အသက်(၃၇) နှစ်ထက်မကျော်လွန်သူ၊

(၄) အင်ဂျင်နီယာဘွဲ့/ဗိသုကာဘွဲ့ရရှိပြီးသူဖြစ်ပါက ၂၀၂၂ ခုနှစ်၊ဩဂုတ်လ(၂၉)ရက်နေ့တွင် အသက်(၃၅)နှစ်ထက်မကျော်လွန်သူ၊

(၅) ကွန်ပျူတာသိပ္ပံ/ကွန်ပျူတာနည်းပညာ (မဟာဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူများဖြစ်ပါက ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၉)ရက်နေ့တွင် အသက်(၃၅) နှစ်ထက်မကျော်လွန်သူ၊

(၆) B.Sc(Q),B.Sc(Hons:) (သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ) ဘွဲ့ရရှိပြီးသူများနှင့် B.A(Q), B.A(Hons:) (မြန်မာစာ/အင်္ဂလိပ်စာ)ဘွဲ့ရရှိပြီးသူများဖြစ်ပါက ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၂၉)ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) အနည်းဆုံး လုပ်သက်(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို မိမိတာဝန်ထမ်းဆောင်လိုသော တက္ကသိုလ်များတွင် အခမဲ့ရယူနိုင်ပြီး (၂၉–၈–၂၀၂၂) ရက်နေ့ (တနင်္လာနေ့) အရောက် နောက်ဆုံးထားပြီး တိုက်ရိုက်တင်သွင်းလျှောက်ထားရမည်။

၄။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုလက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန် ထမ်းဆောင်သည့် ဝန်ကြီးဌာနမှတစ်ဆင့် ဝန်ကြီးရုံး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)သို့ လိပ်မူ၍ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာနသို့ မိတ္တူဖြင့် (၂၉–၈–၂၀၂၂) ရက်နေ့ (တနင်္လာနေ့) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၅။ လျှောက်လွှာနှင့်အတူ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ဘွဲ့လက်မှတ်/ထောက်ခံစာ(မိတ္တူ)၊တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာ(မူရင်း)၊ အလုပ်သမားမှတ်ပုံတင် ကတ်ပြား (မိတ္တူ)၊ အိမ်ထောင်စုစာရင်း (မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှထောက်ခံစာ(မူရင်း)ကို ပူးတွဲတင်ပြရမည်။(လူတွေ့စစ်ဆေးခံယူမည့်အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် ဖော်ပြပါ အထောက်အထား (မူရင်း)များ တစ်ပါတည်းယူဆောင်လာရန် ဖြစ်ပါသည်။)

၆။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာ တက္ကသိုလ်များတွင် ရေးဖြေစာမေးပွဲနှင့် လူတွေ့စာမေးပွဲ ဖြေဆိုရမည်။

၈။ ပါရဂူဘွဲ့ရရှိပြီးသူများသည် လူတွေ့စာမေးပွဲကိုသာ ဖြေဆိုရမည်။

၉။ ရေးဖြေနှင့် လူတွေ့စာမေးပွဲဖြေဆိုခွင့်ရရှိသူ အမည်စာရင်းအား မိမိလျှောက်ထားသော တက္ကသိုလ်များတွင် ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို(၃၁–၈–၂၀၂၂)ရက်နေ့တွင်သက်ဆိုင်ရာတက္ကသိုလ်များတွင် ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၁၀။ ရေးဖြေနှင့် လူတွေ့စာမေးပွဲစစ်ဆေးခြင်းကို မိမိလျှောက်ထားသည့်တက္ကသိုလ်များတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်–

| စဉ် | ဘာသာရပ် (ရေးဖြေ) | နေ့ရက်၊ အချိန် |
|---|---|---|
| (က) | မြန်မာစာ | (၁–၉–၂၀၂၂ )ရက်နေ့၊ နံနက်(၉:၀၀) နာရီ မှ(၁၀:၀၀) နာရီထိ |
| (ခ) | အင်္ဂလိပ်စာ | (၁–၉–၂၀၂၂ )ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ မှ(၁၁:၀၀) နာရီထိ |
| (ဂ) | အထွေထွေဗဟုသုတ | (၁–၉–၂၀၂၂ )ရက်နေ့၊ နံနက် (၁၁:၀၀) နာရီ မှ(၁၂:၀၀) နာရီထိ |

၁၁။ လူတွေ့စာမေးပွဲများကို သက်ဆိုင်ရာ တက္ကသိုလ်များတွင် (၂–၉–၂၀၂၂) ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

၁၂။ အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ အုပ်ချုပ်မှုနှင့်လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲရေးဌာနခွဲ ၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ် ၀၆၇–၃၄၀၄၆၄၆ နှင့် ၀၆၇–၃၄၀၄၆၄၇ သို့ဖြစ်စေ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**




# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ သိမ်ကြီးလမ်း၊ အမှတ် ၂၆၊ (၅–လွှာ)၊ အကျယ်အဝန်း(၂၃'x၄၈')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးလှအောင်(ဘ)ဦးစံမြင့် ၁၂/ကမတ(နိုင်)၀၂၁၉၉၆ သည် မိမိသာလျှင် ယနေ့အချိန် လက်ဝယ်လက်ရှိ ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည်လွှဲပြောင်းရောင်းချ ပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်တင်ဇာလွင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၂၇)
အမှတ်(၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်း–၀၉–၇၈၃၅၃၅၀၀၃

# ဦးစိုင်းညီညီစိုး(ဒါရိုက်တာ)၊ အမှတ်(၂၃၄)၊ (၆-လွှာ)၊ Central 9 Office Tower ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး သိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အရှေ့ဗဟိုလမ်း၊ အမှတ်(၈)နေ ဦးစောထူးအောင်(ဘ)ဦးအောင်သျှန် ၉/စကတ (နိုင်) ၀၈၄၈၅၀ ၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ–

ဦးစိုင်းညီညီစိုး(ဒါရိုက်တာ)၊ အမှတ်(၂၃၄)၊ (၆–လွှာ)၊ Central 9 Office Tower ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှ (၁၈–၁၁–၂၀၁၉)ရက်စွဲပါ လုပ်ငန်းအပ်နှံစာချုပ်မှ လုပ်ငန်းဖိုးကျန်ငွေ ကျပ်(၂၈၅၀၀၀၀၀/–)(ကျပ်သိန်းနှစ်ရာရှစ်ဆယ့်ငါးသိန်းတိတိ)၊ 4028–034–0271Rev 0 စာချုပ်ရှိ အလုံ–အထူထရန်စဖော်မာ အခြေခံအုတ်မြစ်လုပ်ငန်းအတွက် ရရန်ကျန်ရှိငွေမှာ ငွေကျပ် (၃၀၅၀၀၀)(ကျပ်သုံးသိန်းငါးထောင်တိတိ)၊ 4028–034–0417 Rev 0 စာချုပ်ရှိ အလုံ–၅၀ MVA ထရန်စဖော်မာ အခြေခံအုတ်မြစ် (6500x7055mm)လုပ်ငန်းအတွက်ရရန်ကျန်ရှိငွေမှာ (၁၈၃၅၀၀၀/–)(ကျပ်တစ်ဆယ့်ရှစ်သိန်းသုံးသောင်းငါးထောင်ကျပ်တိတိ)၊ 4028–034–0466 Rev 0 စာချုပ်ရှိသာကေတ–(အပို) လမ်းကြောင်း–၃(ဒီဇိုင်းပြောင်း)ထိန်းချုပ်ခန်းဖွင့်လှစ်ခြင်း၊ ကေဘယ်လ်လမ်းကြောင်း 3A နှင့် 3B (ချဲ့ထွင်လျှောစောက်)လမ်းကြောင်း 3Aထပ်တိုး (ထင်ရှားသောလုပ်ငန်းနှင့်အစိုင်း) CT–o chamfer, CT–1,U–jet(20 nos) & CT–3B,P–2(မြေပြန့်ဖို့လုပ်ငန်း)CB ပွံပိုးမှု–T3A၊ လမ်းကြောင်း ၅၊ နံရံ 100mm အမြင့်အနီး မြေအောက်ကြိုးလိုင်းတူးဖော်ရခြင်းလုပ်ငန်းအတွက် ရရန်ကျန်ရှိငွေမှာ (၂၇၅၀၀၀၀၀/–)(ကျပ်နှစ်ရာခုနစ်ဆယ့်ငါးသိန်းတိတိ)စုစုပေါင်း (၅၈၁၄၀၀၀၀/–)(ကျပ်ငါးရာရှစ်ဆယ့်တစ်သိန်းလေးသောင်းတိတိ) ရရန်ကျန်ရှိပါကြောင်း၊ ဦးစိုင်းညီညီစိုး၏ နေအိမ်လိပ်စာကို မသိရှိသောကြောင့် ယခုကဲ့သို့ သတင်းစာမှ တစ်ဆင့်သိရှိစေရန် ကြေညာရခြင်း ဖြစ်ပါကြောင်း၊ လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ ဦးစိုင်းညီညီစိုးနှင့်သာ ပြုလုပ်ထားခြင်းဖြစ်သည့်အတွက် ဦးစိုင်းညီညီစိုးအနေဖြင့် လုပ်ငန်းဖိုးကျန်ငွေများအားလုံးပေးရန်တာဝန်အပြည့်အဝရှိပါသည်။ ထို့ကြောင့် ဤကြော်ငြာပါပြီး ငါးရက်အတွင်း ဦးစိုင်းညီညီစိုး အနေဖြင့် ကျွန်ုပ်ထံသို့ အမြန်ဆုံးဆက်သွယ်၍ လုပ်ငန်းဖိုးကျန်ငွေများအားလုံးကို အမြန်ဆုံးပေးအပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးစောထူးအောင် ၉/စကတ(နိုင်) ၀၈၄၈၅၀

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ချိုချိုလွင်(LL.B,D.I.L)
တရားလွှတ်တော်ရှေ့နေ
(စဉ်–၁၂၅၁၃)
ရှေ့နေများ–ရုံးခန်း၊
သဃၤန်းကျွန်းမြို့နယ်တရားရုံး၊
ဦးဘဟန်လမ်း၊ ရန်အောင်ရပ်ကွက်၊
သဃၤန်းကျွန်းမြို့နယ်၊
ဖုန်း–၀၉–၄၂၅၁၀၂၁၅၄

# ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အထက(ကုန်းဇောင်း) Grade–11မှ မသင်းသင်းနွယ်၏ ဖခင်အမည်မှန်မှာ ဦးစန်းဝင်းအောင် ၈/ပဖန(နိုင်) ၀၉၀၈၄၃ဖြစ်ပါကြောင်း။

**ဦးစန်းဝင်းအောင်**

# ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ညွန့်လွင် ၈/သရန(နိုင်)၀၆၅၃၆၃၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၀၈၈၆၆၆၂၆**

# ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်3B/9136, Nissan Condor CM87 KA/Truck(4x2)R ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သရက်)**

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/3836, Honda Acty HA 7, Piuckup(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်း ၁၂/စခန(နိုင်) ၀၀၀၅၁၃ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

# သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဖောင်းကွဲကျေးရွာအုပ်စု၊ ကုန်းကန်ကျေးရွာနေ (ဦးစံသိန်း) ၈/ရနခ(နိုင်) ၀၃၇၃၆၁ – ဒေါ်အုန်းရှိန် ၈/ရနခ(နိုင်) ၀၃၇၃၆၃ ၏ သားဖြစ်သူ ဦးအောင်ရီ ၈/ရနခ(နိုင်)၀၉၁၉၇၆ သည် မိဘ၏ သွန်သင်ဆုံးမမှုများကို မနာခံဘဲ အကြိမ်ကြိမ် ထင်ရာမြင်ရာများ လုပ်ကိုင်လျက်ရှိသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(ဦးစံသိန်း)–ဒေါ်အုန်းရှိန်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အာမခံလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော ဒု-ကြီးကြပ်ရေးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး (၃၆)နေရာအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်။

၂။ ဒု-ကြီးကြပ်ရေးမှူးရာထူးနေရာများအတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် ကိုယ်တိုင်ရေးလျှောက်လွှာပုံစံနှင့်အတူ စာရွက်စာတမ်းများ ပူးတွဲ၍ မြန်မာ့အာမခံလုပ်ငန်း(ရန်ကုန်)တွင် ၁၉-၈-၂၀၂၂ရက် (သောကြာနေ့)နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်-

လျှောက်ထားသူသည်-

၃။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ အောက်ပါဘွဲ့ရရှိသူများဖြစ်ရမည်-
(၁) ကွန်ပျူတာတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ
(၂) နည်းပညာတက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိသူ
(၃) စီးပွားရေးတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ
(၄) သမဝါယမတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ
(၅) အမျိုးသားစီမံခန့်ခွဲမှုဒီဂရီကောလိပ်မှ ဘွဲ့တစ်ခုခုရရှိသူ
(ဂ) ၁-၈-၂၀၂၂ရက်တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်စေရ။
(ဃ) နိုင်ငံ့ဝန်ထမ်း (အမြဲတမ်းဝန်ထမ်း)ဖြစ်ပါက ၁-၈-၂၀၂၂ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်စေရ။
(င) (၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ (၃)ပုံ၊ ဘွဲ့လက်မှတ်/ဘွဲ့ထောက်ခံစာမိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ အခြားတတ်ကျွမ်းသော ဘာသာရပ်များအတွက် အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(စ) (၁) လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက် ထောက်ခံစာမူရင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်းထောက်ခံချက်မူရင်း
(ဆ) သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုကြောင်း ထောက်ခံစာ(မူရင်း/မိတ္တူ)
(ဈ) ဒု-ကြီးကြပ်ရေးမှူးရာထူးတွင် ခန့်ထားခြင်းခံရပါက ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရမည်။

၄။ ဒု-ကြီးကြပ်ရေးမှူးရာထူးနေရာများအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ မေးခွန်းတို့ဖြင့် ၂၇-၈-၂၀၂၂ရက် (စနေနေ့) နံနက် ၉နာရီမှ ညနေ ၃:၃၀နာရီထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုလုပ်သွားမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (ခုံအမှတ်)ကို မြန်မာ့အာမခံလုပ်ငန်း၊ အမှတ် ၆၂၇/၆၃၅၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်၌ ၂၄-၈-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့)တွင် လူကိုယ်တိုင်လာရောက်ထုတ်ယူရမည်ဖြစ်ပြီး အရည်အချင်းစစ်လူတွေ့ စစ်ဆေးခြင်းပြုလုပ်မည့် နေ့ရက်အား ထပ်မံအသိပေးသွားမည်ဖြစ်ပါသည်။

၅။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားစသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ အသေးစိတ်သိရှိလိုပါက မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)၊ ရန်ကုန်၊ ဖုန်း-၀၁-၈၃၇၉၀၈၈သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## တရားဝင်ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်(သီလဝါ)နေ ဒေါ်လင်းလင်းထွန်း ၁၄/ဝခမ(နိုင်)၁၂၀၅၃၇ သည် ခွင့်မလွှတ်နိုင်သော ကိစ္စများပြုလုပ်ပြီး မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် တရားဝင်ဇနီးအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးမင်းထွေး
၅/စကန(နိုင်)၁၉၁၈၈၄

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရှမ်းစု(၅)လမ်း၊ အမှတ်(၈၂/B) ဟုခေါ်တွင်သော အလျား (၁၀ ၁/၂)ပေx အနံ (၄၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးနိုင်ဦး-ဒေါ်နန်းသိင်္ဂီတို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူသည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက် မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မိမိထွန်း ၁၂/စခန(နိုင်) ၀၅၃၉၆၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နော်ခက်ခက်နိုင်(LL.B)(စဉ်-၂၈၆၇၄) ဒေါ်ရီလေးမော်(L(စဉ်-၁၄၇၀၇)
အထက်တန်းရှေ့နေ တရားလွှတ်တော်ရှေ့နေ
ရှေ့နေများနားနေခန်း၊စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၄၂၀၀၈၉၃၈၀

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ် ၄လမ်း၊ အမှတ် ၁၂၅/ခ၊ တိုက်ကိုမျက်နှာမူလျှင် (ဝဲ)၊ (၂)ခန်းတွဲ၊RC (၆)ထပ်တိုက် အဆောက်အအုံ၏ ဒုတိယထပ်(၃)လွှာ၊ ဧရိယာ ၄၈၄ စတုရန်းပေရှိ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်နွယ်နီဝင်း ၅/ကလန(နိုင်) ၀၄၈၉၄၁ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဦးစောနေဘလု ၁၄/ပစလ(နိုင်)၀၀၃၉၉၄ ၊ ဒေါ်မီမီကျော် ၁၄/မမက(နိုင်)၁၄၂၂၉၄ တို့က အပြီး အပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးစောနေဘလု၊ ဒေါ်မီမီကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခိုင်နန္ဒာ
အထက်တန်းရှေ့နေ
(စဉ်-၄၇၆၂၂)
အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊
သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ကရင်နှစ်ခြင်းအမျိုးသမီးအဖွဲ့ (YKBWA)တွင် စားသောက်ကုန်ပစ္စည်း (၃)မျိုးအား တင်ဒါခေါ်ယူရန်ရှိပါသဖြင့် လုပ်ငန်းရှင်များနှင့်ကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စားသောက်ကုန်ပစ္စည်း
(၁) ဆန်
(၂) ဆီ
(၃) ကုလားပဲ

၂။ တင်ဒါပိတ်ရက်မှာ (၁၆-၈-၂၀၂၂)ရက် (အင်္ဂါနေ့) ညနေ ၄နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

ရန်ကုန်ကရင်နှစ်ခြင်းအမျိုးသမီးအဖွဲ့
အမှတ် ၄၀၄(က)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊
ဖုန်း-၀၉-၄၂၀၇၆၀၂၉

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အမှတ်(၅) အထက Grade-11(A)မှ မဖူးပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ၉/ပဥလ(နိုင်) ၀၃၀၀၈၁ ဖြစ်ပါကြောင်း။

ဦးစိုးနိုင်

## မွေးသက္ကရာဇ်အမှန်

